မန္တလေး နေ့စဉ်
The Mandalay Daily
၁၉၉၇ ခုနှစ် ဩဂုတ်လ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၁၄၇)၊ ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်၊ ၄-၅-၂၀၂၆၊ တနင်္လာနေ့။

**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

# ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး မြန်မာ့သဘော်ကျင်းလုပ်ငန်း၏ တန်ချိန် ၁၂၀၀၀ ရေလုံလွှန်းကျင်းနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် စက်ဆန်းသဘော်ကျင်းတို့အား သွားရောက်ကြည့်ရှုစစ်ဆေး





**ရန်ကုန် မေ ၃**

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ယမန်နေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်ရှိ မြန်မာ့သဘော်ကျင်းလုပ်ငန်း၏ တန်ချိန် ၁၂၀၀၀ ရေလုံလွှန်းကျင်းနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် စက်ဆန်းသဘော်ကျင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ မြန်မာ့သဘော်ကျင်းလုပ်ငန်း၏တန်ချိန် ၁၂၀၀၀ ရေလုံလွှန်းကျင်းရှိ လွှန်းတင်လွှန်းချစက်ရုံသို့ ရောက်ရှိရာ ဦးဆောင်ညွှန်ကြားရေးမှူးက ဓာတ်ငွေ့ရည်တင်ရေယာဉ်နှစ်စင်း လွှန်းတင်ပြင်ဆင်နေမှု အခြေအနေ၊ ရေယာဉ်များ ဆက်လက်လွှန်းတင်နိုင်မှု အခြေအနေနှင့် လှိုင်မြစ်ကမ်းဘေးတွင် အမာခံလွင်ပြင်လွှန်းကျင်း ဖော်ထုတ်လုပ်ကိုင်နိုင်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လွှန်းတင်ရေယာဉ်များအား စံချိန်စံညွှန်းပြည့်မီစွာ သတ်မှတ်အချိန်မီ လွှန်းဆင်းနိုင်ရန် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ရန် ကျွမ်းကျင်လုပ်သားများ ရရှိရေးအတွက် စဉ်ဆက်မပြတ် လေ့ကျင့်ပေးနေရန် ဝန်ထမ်းများ၏ ကျန်းမာရေးအသိပညာ တိုးတက်စေရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြုပြင်ရေးအလုပ်ရုံအနီးရှိ အမာခံလွင်ပြင်လွှန်းကျင်းတွင် ဆောင်ရွက်လျက်ရှိသော ၇၆ မီတာ အထွေထွေကုန်တင်ကမ်းထိုးရေယာဉ်တည်ဆောက်ခြင်းလုပ်ငန်းခွင်နှင့် ပေ ၁၉၀ ကမ်းရိုးတန်းသွားရေယာဉ်၏ စက်မကြီးတပ်ဆင်ခြင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ရေယာဉ်တည်ဆောက်ပြုပြင်ရာတွင် ကြံ့ခိုင်မှု ကောင်းမွန်စေရေးအတွက် ရေးဆွဲထားသည့် ရေယာဉ်ဒီဇိုင်းနှင့်အညီ ဆောင်ရွက်ရန် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ပေါင်းစပ်ညှိနှိုင်း၍ စစ်ဆေးကြပ်မတ်ရန် အရည်အသွေးစစ်ဆေးခြင်းအား အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ပြုပြင်ရေး အလုပ်ရုံတွင် ဖွင့်လှစ်ထားရှိသည့် ဂဟေလေ့ကျင့်ရေး သင်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးပြီး မိသားစုဝင်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် သင်တန်းများ တိုးချဲ့ဖွင့်လှစ်ရန် သင်တန်းပြီးဆုံးသည့်အချိန်တွင် အရည်အချင်း စိစစ်အကဲဖြတ်၍ အသိအမှတ်ပြု လက်မှတ်များ ထုတ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ရန် ပြောကြားသည်။

ဆက်လက်၍ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် စက်ဆန်းသဘော်ကျင်းသို့ ရောက်ရှိရာ ဦးဆောင်ညွှန်ကြားရေးမှူးက စက်ဆန်းသဘော်ကျင်းဆိုင်ရာ အချက်အလက်များ၊ ရေယာဉ်များ တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေအနေနှင့် ဝင်ငွေရရှိမှု အခြေအနေများ၊ သဘော်ကျင်းတွင် လွှန်းတင်ပြုပြင်လျက်ရှိသည့် မာန်အောင်(၃)တွန်းဆွဲရေယာဉ်၏ ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်မှာကြားရာတွင် ရေယာဉ်များ တည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် ရေယာဉ်ဒီဇိုင်း၊ ကျွမ်းကျင်လုပ်သားနှင့် အသုံးပြုသည့် ပစ္စည်းများ စံချိန်စံညွှန်းပြည့်မီစွာ စနစ်တကျ တည်ဆောက်ပြုပြင်နိုင်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် လိုအပ်သည့် စစ်ဆေးကြပ်မတ်မှုများကို အလေးထားဆောင်ရွက်သွားရန် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် ဌာနနှင့် နိုင်ငံတော်ဝင်ငွေတိုးတက်ရရှိစေရေးအတွက် ဈေးကွက်ရှာဖွေ၍ ဆောင်ရွက်သွားရန် ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လွှန်းတင်ပြုပြင်လျက်ရှိသည့် မာန်အောင်(၃)တွန်းဆွဲရေယာဉ်အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

၀-၀-၀-၀-၀

၀-၀-၀

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၃**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မိုး/ဧလ**

## ယနေ့ ဖတ်စရာအညွှန်း

**မက်ဖော်မင်ဆေးနှင့် လူ့ဦးနှောက်အကြား ဆက်စပ်နေနိုင်ကြောင်း လေ့လာတွေ့ရှိ**
စာမျက်နှာ ၇

**ဗီရိုနာနှင့် ဗီဆာအသင်းတို့ စီးရီးအေပြိုင်ပွဲမှ တန်းဆင်းခဲ့ရ**
စာမျက်နှာ ၁၁

**ဆိုလာနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပေါင်းစပ်လာခြင်း(ဆောင်းပါး)**
စာမျက်နှာ ၁၉

၂၀၂၆ ခုနှစ်၊ မေ ၄ ရက်၊ တနင်္လာနေ့။

မန္တလေး

## တစ်ပြိုင်တည်း ဝါကောက်သိမ်းနိုင်ရန် အပင်အရွယ်အစားထိန်းချုပ်ခြင်းနည်းလမ်းများ ဆောင်ရွက်လျက်ရှိ

တောင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်မှာ သီးနှံများအတွက်တိုးရေးပင်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် သီးနှံများကို ပန်းတိုင်အထွက်နှုန်းများရရှိရေး အလေးပေးဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းချည်မျှင်အသုံးပြုမှုနှင့် အထည်အလိပ်လုပ်ငန်းများ၏ ဝါဂွမ်းလိုအပ်ချက်ကို ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုဖြင့် ထိရောက်စွာ ဖြည့်ဆည်းပေးနိုင်ရေးအတွက် အရည်အသွေးကောင်းဝါမျိုးများနှင့် ဝါဂွမ်းစိုက်ပျိုးထုတ်လုပ်မှုနည်းပညာများ ပြောင်းလဲကျင့်သုံးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လုပ်သားအင်အားနှင့် အချိန်လိုအပ်ချက်များသော အကြိမ်ကြိမ်ဝါကောက်သိမ်းခြင်းအစား တစ်ပြိုင်တည်း ဝါကောက်သိမ်းနိုင်ရန် အပင်အရွယ်အစားထိန်းချုပ်ခြင်းနည်းလမ်းများ အသုံးပြုစိုက်ပျိုးခြင်းဖြင့် အမျိုးအစားတူ ဝါဂွမ်းများကို ဈေးကွက်သို့ တစ်လုံးတစ်ခဲတည်း ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ယခုနည်းလမ်းကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာပါက ဝါကို စက်ဖြင့် တစ်ကွင်းတစ်ဆက်တည်းရိတ်သိမ်းခြင်းလုပ်ငန်းအထိ မျှော်မှန်းဆောင်ရွက်ခြင်းဖြစ်ကြောင်း စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ဧပြီ ၃၀ ရက် နံနက်ပိုင်းတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ပျဉ်းမနား) ရှိ မျိုးစေ့စမ်းသပ်စိုက်ပျိုးကွင်း၌ ကျင်းပသည့် တစ်ပြိုင်တည်း ဝါကောက်သိမ်းနိုင်ရန် အပင်အရွယ်အစားထိန်းချုပ်ခြင်းနည်းလမ်းများ အသုံးပြုစိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲ၌ ပြောကြားသည်။

ဝါသီးနှံသည် ချည်ထည်လုပ်ငန်းများအတွက် အရေးပါသောကုန်ကြမ်းဖြစ်ပြီး သဘာဝချည်မျှင်များကို ထုတ်ပေးသည့် အပင်ဖြစ်ပြီး မြန်မာနိုင်ငံအတွက်သာမက ကမ္ဘာအတွက်ပါ အရေးပါသောသီးနှံဖြစ်သည်။

ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ကွင်းသရုပ်ပြပွဲ၌ ဝါပင်သက်တမ်းအလိုက် အပင်အရွယ်အစားထိန်းချုပ်ခြင်းနည်းလမ်းများကို အသေးစိတ်ရှင်းလင်းပြသပေးသွားမည်ဖြစ်၍ တောင်သူများ သိရှိလိုသည်များ မေးမြန်းဆွေးနွေးနိုင်ကြကြောင်း၊ မိမိတို့နှင့် သင့်တော်အဆင်ပြေမည့်နည်းလမ်းကို အသုံးပြုနိုင်ကြောင်း၊ လိုအပ်သည့် နည်းပညာဆေးဝါးများ အသုံးပြုနိုင်ရေး ကူညီပေးသွားမည်ဖြစ်၍ ဒေသအသီးသီး မိမိတို့စိုက်ကွင်းများတွင် စမ်းသပ်လုပ်ကိုင်စေလိုကြောင်း၊ သို့မှသာ တောင်သူတစ်ဦး၏ အောင်မြင်ဖြစ်ထွန်းမှုကို အနီးဝန်းကျင်မှ တောင်သူများက နမူနာယူလိုက်ပါလုပ်ဆောင်လာကြစေခြင်းဖြင့် ဝါစိုက်ပျိုးမှုတွင် တစ်ပြိုင်တည်း ဝါကောက်သိမ်းနိုင်ရန် အပင်အရွယ်အစားထိန်းချုပ်ခြင်းနည်းလမ်းများ ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံလာမည်ဖြစ်၍ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့် လျှော်မျှင်ထွက်သီးနှံဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက တစ်ပြိုင်တည်း ဝါကောက်သိမ်းနိုင်ရန် အပင်အရွယ်အစားထိန်းချုပ်ခြင်းနည်းလမ်းများ အသုံးပြုစိုက်ပျိုးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ရွှေတောင်- ၁၀ နှင့် RAKA 666 ဝါမျိုးစမ်းသပ်ကွက်အတွင်း လက်တွေ့ရှင်းလင်းပြသသည်။ ကွင်းသရုပ်ပြပွဲသို့ ရမည်းသင်း၊ တပ်ကုန်း၊ လယ်ဝေး၊ ဇေယျာသီရိနှင့် ဥတ္တရသီရိမြို့နယ်များမှ ဝါတောင်သူ ၅၂ ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး တောင်သူများ၏ မေးမြန်းချက်များအပေါ် တာဝန်ရှိသူများက အသေးစိတ်ဖြေကြားဆွေးနွေးခဲ့ကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းအငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သော ချည်ကုန်ကြမ်းအား တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရေး၊ ဝါကုန်ကြမ်းကောင်းရရှိရေးအတွက် မြန်မာ့ရေမြေရာသီဥတုနှင့် ကိုက်ညီပြီး ပိုးမွှားဒဏ် ခံနိုင်ရည်ရှိသည့် အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ ဝါစိုက်ဧကများ တိုးချဲ့စိုက်ပျိုးခြင်းနှင့် ဝါစိုက်ပျိုးမှုတွင် တစ်ပြိုင်တည်း ဝါကောက်သိမ်းနိုင်ရန် အပင်အရွယ်အစားထိန်းချုပ်ခြင်းနည်းလမ်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများအား လမ်းညွှန်ချက်များ မကွေးတိုင်းဒေသကြီးတရားလွှတ်တော်တွင် ထပ်ဆင့်ရှင်းလင်း

**မကွေး မေ ၃**

၁၀-၄-၂၀၂၆ ရက်နေ့ ပြည်ထောင်စု လွှတ်တော်ကတိသစ္စာပြုပွဲအခမ်းအနားနှင့် လမ်းညွှန်အမှာစကား ပြောကြားချက်များအား ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီ က မကွေးတိုင်းဒေသကြီးတရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်မိမိမော်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး၊ မကွေးတိုင်းဒေသကြီးတရားလွှတ်တော်မှ တရားရေးအရာရှိများ၊ မကွေးခရိုင်၊ မင်းဘူးခရိုင်အတွင်းရှိ တရားသူကြီးစုစုပေါင်း ၃၀ ဦး တက်ရောက်ကြပြီး၊ ပခုက္ကူခရိုင်၊ သရက်ခရိုင်၊ အောင်လံခရိုင်၊ ချောက်ခရိုင်၊ ဂန့်ဂေါခရိုင်အတွင်းရှိ တရားသူကြီး စုစုပေါင်းလေးဦး Online ဖြင့် တက်ရောက်ကြသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်မိမိမော်က အမှာစကားပြောကြားရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စီရင်ဆုံးဖြတ်ရန်၊ တရားဥပဒေစိုးမိုးရေးကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် အဂတိကင်းရှင်းကြရန် မှာကြားခဲ့သည်။




ယင်းနောက် တရားစီရင်ရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်စန္ဒာအေးက ထပ်ဆင့်ရှင်းလင်းဆွေးနွေးမှာကြားခဲ့ပြီး တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**မောင်နိုင်မင်း**

**(ပြန်/ဆက်)**

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ဘော်လီဘောပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

**မန္တလေး မေ ၃**

၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလားခရိုင်ပေါင်းစုံအမျိုးသား၊ အမျိုးသမီးအသက်(၂၅)နှစ်အောက် ဘော်လီဘောပြိုင်ပွဲကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့ဇထူးအားကစားခန်းမတွင် အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးနေလင်းဦး အား/ကာသိပ္ပံကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမြင့်ခိုင်၊ တိုင်း ဒေသကြီး ဘော်လီဘောဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ အသင်းအုပ်ချုပ်သူ ခရိုင် အား/ကာလက်ထောက်ညွှန်ကြားရေးမှူးများ၊ နည်းပြဆရာများ၊ ဘော်လီဘောအားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

ယနေ့နံနက်ပိုင်းအမျိုးသားပြိုင်ပွဲတွင် တံတားဦးခရိုင်အသင်းက အောင်မြေသာစံခရိုင်အသင်းကိုလည်းကောင်း၊ ကျောက်ဆည်ခရိုင်အသင်းက သပိတ်ကျင်းခရိုင်အသင်းကိုလည်းကောင်း၊ ပြင်ဦးလွင်ခရိုင်အသင်းက အမရပူရခရိုင်အသင်းကိုလည်းကောင်း၊ မိတ္ထီလာခရိုင်အသင်းက ရမည်းသင်းခရိုင်အသင်းကိုလည်းကောင်း အသီးသီးအနိုင်ရရှိကြပြီး အကြိုဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန် တက်ရောက်သွားကြကြောင်း သိရသည်။

**(အောက်ပုံ)**

**တင်မောင်**



## မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲ ပြုလုပ်

**မြင်းခြံ မေ ၃**

၂၀၂၆ ခုနှစ်၊ မေ ၅ ရက်တွင် ကျရောက်မည့် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြင်းခြံခရိုင်၊ မြို့နယ်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ သွေးလှူဒါန်းခြင်းကို ယနေ့ နံနက် ၉ နာရီခွဲက မြင်းခြံခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ပြုလုပ်ခဲ့သည်။




"ခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်သက်လှိုင်၏ ညွှန်ကြားမှုဖြင့် မြင်းခြံခရိုင်၊ မြို့နယ်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းပြီး နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အကြို စုပေါင်းသွေးလှူဒါန်းပွဲ ပြုလုပ်ရခြင်းဖြစ်ပါတယ်"ဟု မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကိုသန့်က ပြောသည်။

နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် မြင်းခြံခရိုင်၊ မြို့နယ်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးတို့က သွေးလှူဒါန်းခဲ့ကြပြီး မီးသတ်တပ်ဖွဲ့ဝင်များက ဘုရားများတွင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ ရေသပ္ပာယ်ခြင်းနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

**ချစ်ဦးနွေ(မြင်းခြံ)**

**သတင်းများ Online မှ တစ်ဆင့်ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်းသိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်





# ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် (၇၀) ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအထိမ်းအမှတ်အထူးပြပွဲကို မေ ၁၀ ရက်အထိ ဖွင့်လှစ်ပြသမည်

ရန်ကုန် မေ ၃

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအထိမ်းအမှတ်အထူးပြပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သိရီမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ပရိဝုဏ် အတွင်း၌ မေ ၁၀ ရက်အထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် အထူးပြပွဲပြခန်းကို ဧပြီ ၃၀ ရက်က စတင်ဖွင့်လှစ်ခဲ့ရာ စိတ်ပါဝင်စားသူ ပြည်သူများ လာရောက်ကြည့်ညိုနိုင်ရန်အတွက် မေ ၁၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ အထိ ဖွင့်လှစ်ပြသထားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြသည်။

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအထိမ်းအမှတ်အထူးပြပွဲတွင် ပထမသင်္ဂါယနာတင်မှ ဆဋ္ဌသင်္ဂါယနာတင်အကြောင်းအရာများနှင့် ယနေ့ခေတ်သာသနာရေး ဆိုင်ရာ ဆောင်ရွက်ချက်များဖြင့် ပြကွက် ၁၀ ကွက်ဖြင့် ပြသထားကာ ပြကွက် (၁)တွင် ဘုရားလောင်းပဋိသန္ဓေယူခန်း၊ ဘုရားလောင်း ဖွားတော်မူခန်း၊ ဘုရားဖြစ်တော်မူခန်း၊ ပဥ္စဝဂ္ဂီငါးဦးအား ဓမ္မစကြာ တရားဦးဟောတော်မူခန်း၊ ပရိနိဗ္ဗာန်စံတော်မူခန်း၊ ပြကွက်(၂)တွင် အိန္ဒိယနိုင်ငံ၌ နှုတ်တက်အာဂုံရွတ်ဆို၍ တင်တော်မူခဲ့ကြသည့် သင်္ဂါယနာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ပထမသင်္ဂါယနာတင်ပြကွက်၊ ဒုတိယသင်္ဂါယနာတင်ပြကွက်၊ တတိယသင်္ဂါယနာတင်ပြကွက်၊ ပြကွက်(၃)တွင် သီရိလင်္ကာနိုင်ငံ၌ ပေထက်အက္ခရာတင်ခဲ့သည့် စတုတ္ထသင်္ဂါယနာတင်ပြကွက်နှင့် မြန်မာနိုင်ငံ မန္တလေးမြို့၌ မင်းတုန်း မင်းကြီးလက်ထက် ကျောက်ထက်အက္ခရာတင်ခဲ့သည့် ပဉ္စမသင်္ဂါ ယနာတင်ပြကွက်ကို ကုသိုလ်တော်ဓမ္မစေတီများနှင့်အတူ ပြသခြင်း၊ ပြကွက်(၄)တွင် ဆဋ္ဌသင်္ဂါယနာတင်ရန် မဟာပါသာဏလိုဏ်ဂူတော် တည်ဆောက်မှုမှတ်တမ်း၊ ဖွားဖက်တော်အဆောက်အအုံကိုးခုနှင့် ဆဋ္ဌသင်္ဂါယနာတင်အခမ်းအနားကျင်းပနေသည့် မှတ်တမ်းများ၊ ပြကွက် (၅)တွင် ထေရဝါဒငါးနိုင်ငံမှ သံဃရာဇာ ခြောက်ပါးနှင့် ဆဋ္ဌဝန်ဆောင် ဆရာတော်ကြီး ၂၄ ပါး၊ ညောင်ရမ်းဆရာတော်၊ မစိုးရိမ် ဆရာတော်၊ မဟာစည်ဆရာတော်၊ မင်းကွန်းဆရာတော်တို့၏ ရုပ်တု များ၊ ဒါယကာ ဦးနု၏ ကိုယ်တစ်ပိုင်းရုပ်တု၊ ဆာဦးသွင်၏ ကိုယ်တစ်ပိုင်း ရုပ်တု၊ ပြကွက်(၆)တွင် ဆဋ္ဌသင်္ဂါယနာတင်ရာတွင် ဆဋ္ဌသင်္ဂါယနာ တင်ပွဲဖိတ်ကြားစာ၊ ဆဋ္ဌသင်္ဂါယနာတင်ရာတွင် တပ်ဆင်အသုံးပြုခဲ့ သောတံဆိပ်များ၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် မင်းကွန်းဆရာတော် ဘုရားကြီးအား ဆက်ကပ်ခဲ့သော ဆင်စွယ်ယပ်ဝန်း၊ ဆရာတော်ကြီး များ ဆွမ်းဘုန်းပေးရန် အင်္ဂလန်နိုင်ငံမှ မှာယူသည့် ပန်းကန်ခွက်ယောက် များ၊ ဇွန်းများ၊ ဆရာတော်ကြီးများ၏ အသုံးအဆောင်ပစ္စည်းများ၊ ပြကွက်(၇)တွင် အခြားနိုင်ငံများမှ လှူဒါန်းသောပစ္စည်းများပြကွက်၌ ထိုင်းပြခန်းမှ ပြသထားသော ဓာတ်ပုံလေးပုံ၊ ထိုင်းပေ ၁၀ ချပ်၊ ကမ္ဘောဒီးယား၊ လာအို၊ တိဗက် (တရုတ်) တို့မှ လှူဒါန်းပစ္စည်းများ၊ လာအိုစေတီများ၊ အိန္ဒိယသံအမတ်ကြီးလှူဒါန်းသော ဆင်းတု၊ ဆဋ္ဌ သင်္ဂါယနာတင်ကာလအတွင်း အိန္ဒိယနိုင်ငံမှ လှူဒါန်းခဲ့သော ရုပ်တု၊ သီရိလင်္ကာပြခန်း၊ နံရံကပ်ပန်းချီပုံ၊ ပြကွက်(၈)တွင် ရှေးပုံနှိပ်စက်များ၊ ခဲစာလုံးများ၊ ပိဋကတ်တော်ဆိုင်ရာ ပုံနှိပ်စာအုပ်မူသုံးမျိုး၊ ပြကွက်(၉) တွင် အဋ္ဌကထာပြခန်း သီးသန့်ပြုလုပ်ခြင်း၊ အဋ္ဌကထာစာအုပ်များ ထုတ်ဝေရန် ဆရာတော်ကြီးက ဩဝါဒပေးခြင်း၊ စာစီစာရိုက်ခြင်း၊ အကြီးအကဲအား ပြည်ထောင်စုဝန်ကြီး စာအုပ်ပြနေသောပုံ၊ သာသနာ တော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက ဆောင်ရွက်နေသော အင်္ဂလိပ် ဘာသာပြန်နေသောပုံများ၊ ပါဠိ၊ မြန်မာအဘိဓာန်စာအုပ်များ (၂၅)တွဲ ၂၉ အုပ်၊ ပါဠိ-မြန်မာ-အင်္ဂလိပ်ဘာသာပြန်စာအုပ်များ၊ ပြကွက်(၁၀) တွင် သာသနာတော် ဆက်လက်အဓွန့်ရှည်တည်တံ့ခြင်းအထိမ်းအမှတ် ကို ရည်ရွယ်၍ တည်ထားကိုးကွယ်ပူဇော်သော သာသနိကအဆောက် အအုံများ၏ ပြကွက်များ ပြသထားသည်။



သင်္ဂါယနာကို သာသနာသက္ကရာဇ် (၁) ခုနှစ်တွင် ပထမအကြိမ်၊ သာသနာသက္ကရာဇ် (၁၀၀) ပြည့်နှစ်တွင် ဒုတိယအကြိမ်၊ သာသနာ သက္ကရာဇ် (၂၃၅) ခုနှစ်တွင် တတိယအကြိမ်၊ သာသနာသက္ကရာဇ် (၄၅၀) ပြည့်နှစ်တွင် စတုတ္ထအကြိမ်၊ သာသနာသက္ကရာဇ် (၂၄၁၅) ခုနှစ်တွင် ပဉ္စမအကြိမ်၊ သာသနာသက္ကရာဇ်(၂၄၉၈) ခုနှစ် (ခရစ်နှစ် ၁၉၅၄ ခုနှစ်) ဝန်ကြီးချုပ် ဦးနုလက်ထက်တွင် ဤမဟာပါသာဏလိုဏ်ဂူသိမ်တော် ကြီး၌ မြန်မာနိုင်ငံမှ ညောင်ရမ်းဆရာတော်ကြီး ဘဒ္ဒန္တရေဝတနှင့် မစိုးရိမ်ဆရာတော်ကြီး ဘဒ္ဒန္တ သုရိယာဘိဝံသတို့အမှူးပြုသော ပြည်ပထေရဝါဒ လေးနိုင်ငံနှင့်အိန္ဒိယ၊ နီပေါ၊ ပါကစ္စတန်နိုင်ငံအပါအဝင် သံဃာတော် အပါး ၂၅၀၀ တို့က နှစ်နှစ်တိုင် စုပေါင်းရွတ်ဆို၍ ဆဋ္ဌ သင်္ဂါယနာတင်ခဲ့ပြီး ယခု (၂၀၂၆)ခုနှစ်တွင် နှစ်ပေါင်း(၇၀)ပြည့်မြောက် ခဲ့ပြီဖြစ်သည်။

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအထိမ်းအမှတ်အထူးပြပွဲကို ဗုဒ္ဓရှင်တော်မြတ်၏ မူလ သာသနာတော်တည်တံ့ခိုင်မြဲပြန့်ပွားစေရန်၊ ဗုဒ္ဓသာသနာတော်ကို သင်္ဂါယနာတင်ပွဲများ ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ ခဲယဉ်းစွာ ကျင်းပပြီး ထိန်းသိမ်းခဲ့ပုံကို သိမြင်နိုင်စေရန်နှင့် အထောက်အထားများ ပြည့်စုံစွာသိရှိနိုင်စေရန် ဆဋ္ဌသင်္ဂါယနာတင်ခြင်းနှင့်ပတ်သက်သော အကြောင်းအရာ အချက်အလက်များ ပြည့်စုံစွာသိရှိနိုင်စေရန်၊ ထေရဝါဒ ဗုဒ္ဓသာသနာတော်တည်တံ့ခိုင်မြဲစေရန် ဆရာတော် သံဃာတော်ကြီး များ၊ နိုင်ငံတော်အစိုးရနှင့် တိုင်းသူပြည်သားများက ခေတ်အဆက်ဆက် တွင် ဘက်ပေါင်းစုံမှ ကြိုးစား၍ ထိန်းသိမ်းစောင့်ရှောက်ဆောင်ရွက် ခဲ့ပုံများကို လေ့လာသိရှိ ကြည်ညိုသဒ္ဓါပွားများနိုင်စေရန် ယနေ့ခေတ် ဗုဒ္ဓဘာသာဝင်တိုင်းတွင် အလားတူ တာဝန်ရှိသည်ကို သိမြင်နိုင်စေ ရန် ရည်ရွယ်ချက်ဖြင့် ပြသကြောင်း သိရသည်။ သတင်းစဉ်

## ကျိုက်မရောမြို့နယ်ရှိ ဆုတောင်းပြည့်ဘုရားကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



ကျိုက်မရော မေ ၃

ကျိုက်မရောမြို့နယ်တွင် နှစ် (၈၀)ပြည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ဆုတောင်းပြည့် ဘုရားကြီး၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက် သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျိုက်မရော မြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးတင်သောင်းဦး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်စုစုပေါင်း ၂၇ ဦးတို့က ဆုတောင်းပြည့်ဘုရားကြီး ရင်ပြင် တော်၌ မီးသတ်ပိုက်များဖြင့် ရေဆေးခြင်း၊ အမှိုက်များ လှည်းပေးခြင်း စသည့်သန့်ရှင်း ရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ ကြောင်း သိရသည်။

ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)

# (၂၉) ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ Virtual စနစ်ဖြင့် တက်ရောက်





နေပြည်တော် မေ ၃

ဥဇဘက်ကစ္စတန်နိုင်ငံ၌ ယနေ့ကျင်းပသည့် (၂၉) ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေး (29th ASEAN+3 Finance Ministers' and Central Bank Governors' Meeting – 29th AFMGM+3) သို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာ ခင်နိုင်ဦး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က Video Conferencing ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် အာဆီယံ+၃ မေခရိုစီးပွားရေးသုတေသနရုံးတို့မှ ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်းဆိုင်ရာ မေခရိုစီးပွားရေးအလားအလာများ၊ အရှေ့အလယ်ပိုင်း၌ဖြစ်ပွားနေသောအခြေအနေများကြောင့် စွမ်းအင်လုံခြုံရေးဆိုင်ရာ အကျပ်အတည်းများဖြစ်ပေါ်နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုများအပေါ် အစည်းအဝေးတက်ရောက်လာကြသည့် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက ဒေသတွင်းစိန်ခေါ်မှုများနှင့် မသေချာမရေရာမှုများ မြင့်တက်နေသည့်အခြေအနေများကို ဖြေရှင်းရာတွင် ဘက်စုံပူးပေါင်းဆောင်ရွက်မှုစနစ် (Multilateralism) ကို ထိန်းသိမ်းကာကွယ်ရန်နှင့် ဒေသတွင်းညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အားကောင်းစေရန် အထူးအလေးထားပါကြောင်း၊ အာဆီယံ+၃ နိုင်ငံများ၏ မေခရိုစီးပွားရေးနှင့် ငွေရေးကြေးရေးတည်ငြိမ်မှုကို ကာကွယ်ရန် မူဝါဒဆိုင်ရာဆွေးနွေးပွဲများ ဆက်လက်ဆောင်ရွက်သွားမည့်အပေါ် အပြည့်အဝထောက်ခံပါကြောင်း၊ ငွေရေးကြေးရေးဈေးကွက်များအတွင်း မတည်ငြိမ်မှုအခြေအနေများနှင့် ဖြစ်ပေါ်လာနိုင်သော အန္တရာယ်များကို အမြဲသတိထားစောင့်ကြည့်နေမည်ဖြစ်ပြီး ပြည်တွင်းအခြေအနေများနှင့် ကိုက်ညီစေရေးအတွက် တုံ့ပြန်ဆောင်ရွက်ရန် အဆင်သင့်ရှိနေပါကြောင်း။

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ ဖွင့်လှစ်ပေးထားမည်ဖြစ်ပြီး ကောင်းမွန်စွာလည်ပတ်နိုင်စေရန်နှင့် ထောက်ပံ့ရေးကွင်းဆက်များကို ခိုင်မာစေရန် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization) ၏ အခြေခံစည်းမျဉ်းများနှင့် အညီ တန်းတူညီမျှမှုရှိသည့် ပွင့်လင်းမြင်သာသော ဘက်စုံကုန်သွယ်ရေးစနစ်ကို ဆက်လက်အားပေးထောက်ခံပါကြောင်း၊ ယခုကဲ့သို့ မသေချာမရေရာမှုများ မြင့်တက်နေသောကာလများတွင် ဒေသတွင်းတည်ငြိမ်မှုနှင့် ခံနိုင်ရည်ရှိမှုကို ထောက်ပံ့ပေးရာတွင် အာဆီယံ+၃ နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါမှုကို အလေးထားပါကြောင်း၊ ထို့ပြင် အာဆီယံ+၃ မေခရိုစီးပွားရေးသုတေသနရုံး၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိသည့် ဇင်းမယ်အစီအစဉ်တွင် နိုင်ငံစုံပါဝင်လာရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဒေသတွင်းငွေရေးကြေးရေးပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍများကို ဆက်လက်အတည်ပြုပါကြောင်း ဆွေးနွေးကြသည်။

ထိုသို့ဆွေးနွေးရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက အာဆီယံ+၃ ဒေသတွင်းနိုင်ငံများ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ၂၀၂၆ ခုနှစ်တွင် ငွေကြေးဖောင်းပွမှုနှုန်း လျော့နည်းလာမှုနှင့်အတူ တည်ငြိမ်သောစီးပွားရေး တိုးတက်မှုနှုန်းဖြင့် စတင်နိုင်ခဲ့သော်လည်း၊ လက်ရှိတွင် ကမ္ဘာ့နိုင်ငံရေးတင်းမာမှုများနှင့် စွမ်းအင်ဈေးနှုန်းမတည်ငြိမ်မှုများကြောင့် စီးပွားရေးတိုးတက်မှုတွင် မသေချာမရေရာမှုများ တိုးလာနိုင်ပါကြောင်း။

ထို့ကြောင့် စွမ်းအင်လုံခြုံရေးသည် မေခရိုစီးပွားရေးဆိုင်ရာတည်ငြိမ်မှုအတွက် အရေးပါသောအချက်တစ်ခုဖြစ်လာပြီး ဒေသတွင်း စွမ်းအင်ပူးပေါင်းဆောင်ရွက်မှုများနှင့် ရေရှည်တည်တံ့သောဘဏ္ဍာငွေ ဖြည့်ဆည်းမှုများကိုတိုးမြှင့်ရန် လိုအပ်ပါကြောင်း၊ ဗဟိုဘဏ်များအနေဖြင့် နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်စေရန် အမြဲသတိထားရှိ၍ လိုက်လျောညီထွေဖြစ်စေမည့် နိုင်ငံခြားငွေလဲလှယ်နှုန်း မူဝါဒများ ချမှတ်နိုင်ရန်နှင့် အရင်းအနှီးစီးဆင်းမှုကို ထိန်းချုပ်ရန် အရေးကြီးပါကြောင်း၊ နိုင်ငံခြားငွေကြေးဈေးကွက် အားကောင်းခိုင်မာမှုရှိစေရေးနှင့် နိုင်ငံခြားသုံးသီးသန့်ငွေကို မြှင့်တင်ထိန်းသိမ်းခြင်းသည်လည်း အရေးပါပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ဒေသတွင်းစီးပွားရေးခိုင်မာတည်ငြိမ်စေရေးအတွက် အာဆီယံ+၃ အဖွဲ့ဝင်နိုင်ငံများနှင့်အတူတကွ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ထို့နောက် ဇင်းမယ်အစီအစဉ်တွင် နိုင်ငံစုံပါဝင်လာရေးအစီအစဉ်နှင့်စပ်လျဉ်း၍ တိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြင်ပမှရိုက်ခတ်မှုများကြောင့် ပြည်ပငွေပေးငွေယူစာရင်း (Balance of Payments – BOP) တွင် ကာလတိုအခက်အခဲများ ဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းနိုင်ရန်နှင့် အရေးပေါ်ဘဏ္ဍာငွေဖြည့်တင်းရေးအစီအစဉ် (Rapid Financing Facility) ကို အကောင်အထည်ဖော်နိုင်ရန်အတွက် စတုတ္ထအကြိမ်မြောက် ထပ်မံပြင်ဆင်ခဲ့သည့် ဇင်းမယ်အစီအစဉ်တွင် နိုင်ငံစုံပါဝင်လာရေးဆိုင်ရာသဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ရေးအပေါ် မိမိတို့နိုင်ငံအလိုက် ပြည်တွင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ အမြန်ဆုံးအပြီးသတ်ဆောင်ရွက်ရန် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက သဘောတူခဲ့ကြသည်။

ဆက်လက်၍ အာဆီယံ+၃ ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၏ တိုးမြှင့်ဆောင်ရွက်မှုအဆင့်တစ်ခုအဖြစ် အာရှငွေချေးစာချုပ် ဈေးကွက်အစီအစဉ်အား အာရှငွေချေးစာချုပ်နှင့် ငွေရေးကြေးရေးဈေးကွက်အစီအစဉ်သို့ အဆင့်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးနိုင်ခြေများအတွက် ဘဏ္ဍာငွေဖြည့်တင်းရေးအစီအစဉ်ဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၆-၂၀၂၈) နှင့်စပ်လျဉ်းသည့်ကိစ္စရပ်များ၊ နိုင်ငံဖြတ်ကျော် ဒီဂျစ်တယ်ငွေပေးချေမှုဆိုင်ရာ အခွင့်အလမ်းများ၊ စိန်ခေါ်မှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များ စသည်တို့အပေါ် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး အတည်ပြုချက်ရယူသည့် ကိစ္စရပ်များအပေါ် အတည်ပြုပေးခဲ့ကြသည်။

ထို့နောက် (၂၉) ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေး၏ ပူးတွဲကြေညာချက်ကို အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက အတည်ပြုခဲ့ကြကာ အကြိမ်(၃၀)မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးကို ၂၀၂၇ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## လားရှိုးမြို့ အ.ထ.က(၂)ကျောင်း၌ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ



လားရှိုး မေ ၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ မယဉ်ကျေးမှုများကို ဆင်ခြင်သုံးသပ်နိုင်ပြီး ယဉ်ကျေးသိမ်မွေ့လာစေရန် ရည်ရွယ်၍ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၂ ရက်က အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရှိ ပညာရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို ကျောင်းသား၊ ကျောင်းသူလေးများက "လူ့ယဉ်ကျေး" ကဗျာဖြင့် ဖွင့်လှစ်ခဲ့ပြီး၊ မြို့မပရိယတ္တိစာသင်တိုက်မှ ဆရာတော် ဦးဓမ္မဉာဏက ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ သြဝါဒစကား မြွက်ကြားသည်။

ထို့နောက် လားရှိုးခရိုင်ပညာရေးမှူးရုံးမှ ခရိုင်ပညာရေးမှူး ဦးအေးဝင်းက အမှာစကားပြောကြားပြီး အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ငွေကြိုင်က ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်ပညာရေးမှူး ဦးအေးဝင်းနှင့်တာဝန်ရှိသူများက ယဉ်ကျေးလိမ္မာသင်တန်းတက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများအား စာရေးကိရိယာများ ချီးမြှင့်ပေးအပ်ခဲ့သည်။

အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်းကို သင်တန်းနည်းပြဆရာမကြီး လေးဦးဖြင့် မေ ၂ ရက်မှ ၈ ရက်အထိ ရက်သတ္တတစ်ပတ်တာ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၀၀ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။ **လူမော်(မြန်/ဆက်)**

## တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့အသိပေးခြင်း

၁။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ၊ နိုင်ငံတော်ကလက်ခံထားသည့် လူ့အခွင့်အရေးနှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ သဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ ပုဒ်မ ၃၀** အရ ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့** သို့လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (ရုံးခွဲ) နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့သို့လည်းကောင်း လိပ်မူ၍ စာတိုက်မှဖြစ်စေ၊ သက်ဆိုင်ရာကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖက်စ် ၀၁-၆၅၄၆၇၈၊ ကော်မရှင် e-mail လိပ်စာဖြစ်သော info@mnhrc.org.mm တို့မှတစ်ဆင့်ဖြစ်စေ ပြုလုပ်နိုင်ပါသည်။

၃။ တိုင်ကြားရာတွင် အောက်ပါအချက်များ ပြည့်စုံစွာဖော်ပြရမည်ဖြစ်ပါသည်-

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေးဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာ ဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ မဖြစ်မနေ ပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူမှ လက်မှတ်ရေးထိုးပေးပို့ရန်။

၄။ ကော်မရှင်သည် ယင်းတိုင်ကြားချက်များကို စိစစ်၍ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေးပြီး သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# ပိဋကသုံးပုံ အဋ္ဌကထာ ကွန်ပျူတာစာစီမှု ကျမ်းစာအုပ်များ ဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနား ကျင်းပ



ရန်ကုန် မေ ၃

ပိဋကသုံးပုံ အဋ္ဌကထာ ကွန်ပျူတာစာစီမှု ကျမ်းစာအုပ်များ ဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာသင်တိုက်ကြီးများမှ ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်မြတ်ထံမှ ညွှန်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော် အရှင်သူမြတ်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပိဋကသုံးပုံ အဋ္ဌကထာ ကွန်ပျူတာစာစီမှုကျမ်း စာအုပ်များအား လှူဒါန်းရခြင်းအကြောင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အလှူရှင်များနှင့် တာဝန်ရှိသူများက ပိဋကသုံးပုံ အဋ္ဌကထာ ကွန်ပျူတာစာစီမှု ကျမ်းစာအုပ်များအား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးအမှူးပြုသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာသင်တိုက်ကြီးများမှ ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြပြီး အလှူရှင်များက အလှူငွေများ လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော် မဟာထေရ်မြတ်က အနုမောဒနာနှင့် ရေစက်သွန်းချတရားဟောကြား ချီးမြှင့်တော်မူပြီး အခမ်းအနားကိုရုပ်သိမ်းခဲ့သည်။

ယနေ့လှူဒါန်းသည့် ဆဋ္ဌသင်္ဂါယနာတင် အဋ္ဌကထာ ကျမ်းစာ ၅၁ အုပ် ကွန်ပျူတာစာမူပြုစုခြင်းလုပ်ငန်းအား ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ စတင်ခဲ့ခြင်းဖြစ်ကာ စာမူစိစစ်ရေးလုပ်ငန်းများကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ပြီး ၂၀၂၅ ခုနှစ် စက်တင်ဘာလတွင် ပုံနှိပ်ထုတ်ဝေပြီးစီးခဲ့ပြီး ယခုကဲ့သို့ ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဆက်လက်၍ ဆဋ္ဌသင်္ဂါယနာတင် ဋီကာကျမ်းစာ ၂၆ အုပ်ကို ကွန်ပျူတာစာမူပြုစုခြင်း စတင်ဆောင်ရွက်လျက်ရှိပြီး ဋီကာကျမ်းစာ နှစ်အုပ်ပြီးစီးပြီး ကျန်စာအုပ်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပုံနှိပ်ထုတ်ဝေပြီးသော အဋ္ဌကထာကျမ်းစာ ၅၁ အုပ်ကို သာသနာရေးဦးစီးဌာနက e-book စနစ်ဖြင့် ဖတ်ရှုနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ယခုပြုစုထုတ်ဝေခဲ့သော ဆဋ္ဌမူ ကွန်ပျူတာစာစီ ကျမ်းစာများကို ပရိယတ္တိသာသနာပြန့်ပွားအောင် ဆောင်ရွက်တော်မူကြသည့် သံဃာတော်များ၏ စာချစာသင် လုပ်ငန်းများတွင် အထောက်အကူပြုစေရန် ဓမ္မဒါနကုသိုလ်ယူ ပါဝင်လှူဒါန်းကြခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ့လက်ရွေးစင် အမျိုးသား ယူ-၁၇ အသင်း အာရှဖလားပြိုင်ပွဲအတွက် ဆော်ဒီအာရေဗျ နိုင်ငံ Jeddah မြို့တွင် ရောက်ရှိလေ့ကျင့်

**ရန်ကုန် မေ ၃**

မြန်မာ့လက်ရွေးစင် အမျိုးသား ယူ-၁၇ အသင်းသည် အာရှဖလား ယူ-၁၇ နောက်ဆုံးအဆင့် ပွဲစဉ်များ ယှဉ်ပြိုင်ရန်အတွက် ဆော်ဒီအာရေဗျနိုင်ငံ Jeddah မြို့သို့ မေ ၂ ရက်တွင် ရောက်ရှိလာခဲ့ပြီး ဒေသစံတော်ချိန် ည ၇ နာရီ၌ ဆော်ဒီအာရေဗျ ကလပ်အသင်း Al Ahli FC အသင်း လေ့ကျင့်ရေးကွင်းတွင် စတင်လေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။

မြန်မာ ယူ-၁၇ အသင်း အနေဖြင့် အုပ်စု(A)တွင် အိမ်ရှင် ဆော်ဒီအာရေဗျ ယူ-၁၇၊ တာဂျီကစ္စတန် ယူ-၁၇၊ ထိုင်း ယူ-၁၇ အသင်းများနှင့် အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အုပ်စု(ပ)နှင့် (ဒု)အသင်းနှစ်သင်း ကွာတားဖိုင်နယ်သို့ တက်ရောက်ခွင့် ရမည်ဖြစ်သည်။

မြန်မာ ယူ-၁၇ အပြီးသတ် ကစားသမား ၂၃ ဦး **ဂိုး**-ထက်ဝေယံ၊ လင်းလတ်ထွန်း၊ ရှင်းသန့်ထူး **နောက်တန်း**-အောင်သီဟ၊ မျိုးခန့်ကျော်၊ မြင့်မြတ်ကိုကို၊ ဝင်းဇော်၊ ပိုင်စိုးကျော်၊ အောင်ဆက်ပိုင်၊ ဖုန်းခန့်အောင်၊ မြတ်မင်းသူ **အလယ်တန်း**-ကောင်းခန့်၊ ဝင်းမင်းသန့်၊ ဟန်ထူးလွင်၊ အံ့ထူးပိုင်၊ ချန်လန်းတိန်း၊ အောင်မြတ်သာ၊ စိုင်းမြတ်မင်း၊ လင်းရောင်၊ နေမျိုးသူ၊ အောင်ကောင်းမြတ် **ရှေ့တန်း**-ညီညီသန့်၊ ဒီဝေယံတို့ ပါဝင်လာခဲ့သည်။ **(NGB)**



# ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်

**ညောင်ဦး မေ ၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၌ နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခြင်းနှင့် Biometric ကောက်ယူကာ UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းများကို ယနေ့ နံနက် ၉ နာရီခွဲက မြေနဲလေးကျေးရွာအုပ်စု၊ မြေနဲလေးကျေးရွာတွင် မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးရာ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဦးစိုးမြင့်ခိုင်၊ မြို့နယ်ဦးစီးမှူး ဦးစောဝဏ္ဏတို့၏ ကြီးကြပ်မှုဖြင့် လူဝင်မှုကြီးကြပ်ရေး ဝန်ထမ်းများ ပါဝင်သောအဖွဲ့က ရပ်ကွက်၊ ကျေးရွာအတွင်းရှိ အသက်(၁၀) နှစ်အထက် ရပ်ကွက်နေပြည်သူများအား ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါကွင်းဆင်းဆောင်ရွက်ရာနေရာသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး၊ ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့်ခရိုင်တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် မြို့နယ်ကော်မတီဝင်များ လာရောက်ကြည့်ရှုအားပေးခဲ့သည်။

နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် Biometric ကောက်ယူ၍ UID ကတ်ထုတ်ပေးခြင်းများကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာများအလိုက် မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် နေ့ချင်းပြီးဆောင်ရွက်ပေးခြင်းနှင့် UID ရိုက်ကူးပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၄၈၁)



# မြင်းခြံမြို့၌ လွှတ်တော်ကိုယ်စားလှယ်များရုံး ဖွင့်လှစ်

**မြင်းခြံ မေ ၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ လွှတ်တော်ကိုယ်စားလှယ်များ ရုံးဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရုံးတွင် ပြုလုပ်ခဲ့သည်။

လွှတ်တော်ကိုယ်စားလှယ်များရုံးဖွင့်လှစ်ခြင်းတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ပြုံးကြည်နှင့် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမန်းမြင့်တို့က လွှတ်တော်ကိုယ်စားလှယ်များရုံး ဆိုင်းဘုတ်အား အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးခဲ့ကြသည်။

အဆိုပါ လွှတ်တော်ကိုယ်စားလှယ်များရုံး ဖွင့်လှစ်ခြင်း အခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးမင်းမင်းထွန်းနှင့် ကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးထွန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပြုံးကြည်၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမန်းမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ချစ်ဦးနွေ့(မြင်းခြံ)**

၀-၀-၀-၀

**အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၅)အနိုင်၊ အရှုံး** (NGB)

| | | | |
|---|---|---|---|
| ဘိုလော့ဂ်နာ | ၀ | ၀ | ကက်ဂလီယာရီ |
| ဆက်ဆူအိုလို | ၂ | ၀ | အေစီမီလန် |
| ဂျူပင်တပ် | ၁ | ၁ | ပီရိုနာ |

**ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၂)အနိုင်၊ အရှုံး** (NGB)

| | | | |
|---|---|---|---|
| စိန့်ပေါလီ | ၁ | ၂ | မိန့်ဇ် |
| မိုချန်ဂလာဘတ် | ၁ | ၀ | ဒေါ့မွန် |

**ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၂) အနိုင်၊ အရှုံး** (NGB)

| | | | |
|---|---|---|---|
| လိုင်လီ | ၁ | ၁ | လီဟာဗာ |
| အော်ဇေး | ၃ | ၁ | အန်ဂါးစ် |
| ပါရီ | ၄ | ၀ | ဘရက်စ် |

**စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၄) အနိုင်၊ အရှုံး** (NGB)

| | | | |
|---|---|---|---|
| ဆဲလ်တာဗီဂို | ၃ | ၁ | အယ်လ်ချီ |
| ဂီတာဖေး | ၀ | ၂ | ဗယ်လက်ကာနို |
| ဘက်တစ် | ၃ | ၀ | အိုဗီဒို |

**အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၅) အနိုင်၊ အရှုံး** (NGB)

| | | | |
|---|---|---|---|
| ဘုန်းမောက် | ၃ | ၀ | ပဲလေ့စ် |
| မန်ယူ | ၃ | ၂ | လီဗာပူး |

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် တံတားဦးမြို့နယ်ရှိ မြန်မာစီပီလိုက်(ဖ်)စတော့(ခ်)(မန္တလေး) တိရစ္ဆာန်အစာစပ်စက်ရုံသို့ သွားရောက်ကြည့်ရှု

**မန္တလေး မေ ၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမှ တစ်ဆင့် ပြည်သူများ၏ လူမှုစီးပွားမြှင့်တင်ရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် ပြည်ပသွင်းကုန်အစားထိုးနိုင်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရက်(၁၀၀)အတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းများကို ကဏ္ဍများအလိုက် အစီအမံများဖြင့် အောင်မြင်အောင် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး မေ ၂ ရက် နံနက်ပိုင်းက တံတားဦးမြို့နယ် စကားအင်းကျေးရွာရှိ မြန်မာစီပီလိုက်(ဖ်)စတော့(ခ်) (မန္တလေး)တိရစ္ဆာန်အစာစပ်စက်ရုံသို့ သွားရောက်ကြည့်ရှုခဲ့သည်။

အဆိုပါစက်ရုံသို့ ရောက်ရှိစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့အား စက်ရုံမှတာဝန်ရှိသူက ကုန်ကြမ်းများကို ပြည်တွင်းမှ ပြောင်း၊ ဂျုံဖွဲ၊ ဖွဲနု၊ ပဲဖတ်၊ နှမ်းဖတ်၊ မုန်ညင်းဖတ်၊ နေကြာ၊ ကျောက်နု၊ ကျောက်ကြမ်း၊ စားအုန်းဆီ၊ စပါးနှင့် ပြည်ပမှ ပဲပုပ်အမှုန့်၊ အရိုးမှုန့်၊ နေကြာမှုန့်၊ ကစော်ဖတ်၊ ဗီတာမင်မှုန့်၊ သတ္တုဓာတ်အမှုန့်၊ အင်ဇိုင်းအရည်များကိုအသုံးပြုပြီး ခေတ်မီနည်းစနစ်များဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်နေမှု၊ ကုန်ချော တစ်လလျှင် တန် ၂၀၀၀၀ ထွက်ရှိမှု၊ ဈေးကွက်အတွင်းလိုအပ်ချက်အား ပိုမိုတိုးမြှင့်ထုတ်လုပ်သွားနိုင်ရန် ကြိုးစားဆောင်ရွက်နေမှုနှင့် ဈေးကွက်အတွင်း ဖြန့်ချိပေးနေမှုအခြေအနေများ၊ ကုန်ကြမ်းမှကုန်ချောအဆင့်ဆင့်ထုတ်လုပ်နေမှုများကို ရှင်းလင်းပြသခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြည်တွင်းအင်အားများကို အဓိကအသုံးပြု၍ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အခြေခံကာ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရန် လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုအပ်သည်များကို ကူညီပံ့ပိုးပေးနေပါကြောင်း၊ တိရစ္ဆာန်အစာ ထုတ်လုပ်ရာတွင် လိုအပ်သော ကုန်ကြမ်းများကို ပြည်တွင်းမှအများစုရရှိပြီး ကျန်ပစ္စည်းများကို ပြည်ပမှတင်သွင်းထုတ်လုပ်လျက်ရှိသည်ကို သိရှိရပါကြောင်း၊ အသားစားသုံးမှုပမာဏ တိုးတက်လာသည်နှင့်အမျှ အစာတိုးထုတ်လုပ်ခြင်းကို ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်အောင်၊ ပြည်တွင်း၌ ဖူလုံ ပိုလျှံလာအောင်နှင့် ပြည်ပသို့တင်ပို့နိုင်အောင် ကြိုးစားသွားကြရမည်ဖြစ်ပါကြောင်း၊ ပြည်ပသို့ ပိုမိုတိုးမြှင့်တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံခြားဝင်ငွေများလည်း ပိုမိုရရှိကာ နိုင်ငံ့စီးပွားမြင့်မားတိုးတက်ရေးကို များစွာအထောက်အကူ ဖြစ်ပါကြောင်း ပြောကြားပြီး ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်နေမှုအဆင့်ဆင့်ကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**







## ကျောက်ဆည်မြို့နယ်၌ ကျေးရွာ ၁၃ ရွာမှ ပြည်သူများအား စားအုန်းဆီ ရောင်းချပေး

**ကျောက်ဆည် မေ ၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်အတွင်းရှိ ပြည်သူများ စားအုန်းဆီဝယ်ယူသုံးစွဲရာ၌ အခက်အခဲမရှိစေရေး ကျောက်ဆည်ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းဝင် စားသုံးဆီအရောင်းဆိုင်များမှ သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရပ်ကွက်၊ ကျေးရွာများတွင် အလှည့်ကျ ရောင်းချပေးလျက်ရှိရာ ယခုအပတ်တွင် စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၈၂၆၀ ဖြင့် ကျေးရွာ ၁၃ ရွာမှ ပြည်သူများအား စားအုန်းဆီ ၅၀၉၆ ပိဿာရောင်းချပေးခဲ့သည်။ **(အောက်ပုံ)**

ထိုသို့ရောင်းချရာ၌ ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းဝင် ဆီအရောင်းဆိုင်များဖြစ်သည့် ဦးတင်လင်းအောင်(အမေထွား)ဆီအရောင်းဆိုင်မှ ကောင်းတင်၊ ဒွေးလှကျေးရွာ ပြည်သူများအား စားအုန်းဆီ ပိဿာ ၅၅၀၊ ဒေါ်ကေဇာခိုင်(ဗိုလ်တစ်ထောင်)ဆီအရောင်းဆိုင်မှ မြင်းကဘတ်ကျေးရွာပြည်သူများအား စားအုန်းဆီ ပိဿာ ၅၅၀၊ ဒေါ်သဇင်အောင်(နေလသုခ) ဆီအရောင်းဆိုင်မှ ကျီးအိပ်၊ လက်ပန်ကျေးရွာ ပြည်သူများအား စားအုန်းဆီ ၁၃၅၆ ပိဿာ၊ ဒေါ်သီတာ(စစ်ငြိမ်း) ဆီအရောင်းဆိုင်မှ ချောင်းဆုံကျေးရွာ ပြည်သူများအား စားအုန်းဆီ ပိဿာ ၄၄၀၊ ဒေါ်စန်းစန်းဌေး(နေလသုခ ၂)ဆီအရောင်းဆိုင်မှ ဘိုးတိုင်ပေါက်၊ ရွာပု၊ ဆူလေကုန်း၊ မဋ္ဌူခြံကျေးရွာ ပြည်သူများအား စားအုန်းဆီ ပိဿာ ၁၆၅၀၊ ဒေါ်သက်သက်မွန် (အနန္တဂုဏ်) ဆီအရောင်းဆိုင်မှ ကတဲကျေးရွာ ပြည်သူများအား စားအုန်းဆီ ပိဿာ ၃၃၀ ၊ ဦးအေးမင်းစိုး(အေးချမ်းသူ) ဆီအရောင်းဆိုင်မှ ရွာသာအေးကျေးရွာ ပြည်သူများအား စားအုန်းဆီ ပိဿာ ၂၂၀ စုစုပေါင်း စားအုန်းဆီ ၅၀၉၆ ပိဿာ ရောင်းချပေးခဲ့ကြောင်း သိရသည်။

**ထက်ထက်(ကျောက်ဆည်)**

၀-၀-၀-၀-၀



## မင်းဘူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မင်းဘူး မေ ၃**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းပရိဝုဏ်အတွင်း၌ မေ ၂ ရက် နံနက် ၇ နာရီက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးလွင်နှင့် စီမံအဖွဲ့ဝင်များ ကြည့်ရှုအားပေးကာ မကြာမီကာလများတွင် အခြေခံပညာစာသင်ကျောင်းများ ကျောင်းအပ်လက်ခံပြီး ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ ကျောင်းအင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပကာ အမှိုက်သရိုက်နှင့် ပိုးမွှားအန္တရာယ်များကင်းရှင်းပြီး၊ စိတ်အေးချမ်းသာစွာ သင်ကြားနိုင်ရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဆရာ၊ ဆရာမများက တံမြက်လှည်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ၊ မြက်နှင့် အမှိုက်များကို စုပေါင်းရှင်းလင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**(၅၀၄)**



**စာအုပ်စာပေ လူ့မိတ်ဆွေ။**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ




## မက်ဖော်မင်ဆေးနှင့် လူ့ဦးနှောက်အကြား ဆက်စပ်နေနိုင်ကြောင်း လေ့လာတွေ့ရှိ

မက်ဖော်မင်ဆေးသည် ဆယ်စုနှစ် ခြောက်ခုကျော်ကြာ အမျိုးအစား(၂) ဆီးချိုရောဂါ ကုသမှုတွင် အဓိကကျသော ဆေးဝါးတစ်ခု ဖြစ်ခဲ့သည်။

ဘေလာဆေးတက္ကသိုလ်မှ သုတေသီများ ဦးဆောင်၍ သိပ္ပံတိုးတက်မှုများ ဂျာနယ်တွင် ဖော်ပြခဲ့သော လေ့လာမှုအရ မက်ဖော်မင်သည် အသည်းနှင့် အူလမ်းကြောင်းအပေါ်တွင်သာ အလုပ်လုပ်သည်မဟုတ်ဘဲ သွေးတွင်းသကြားဓာတ်ကို ထိန်းချုပ်သည့် ဦးနှောက်အတွင်း အစိတ်အပိုင်းများ အပေါ်တွင်လည်း တိုက်ရိုက်သက်ရောက်မှုရှိကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။

"မက်ဖော်မင်ဟာ အသည်းကနေ ထုတ်လွှတ်တဲ့ ဂလူးကို့စ်ပမာဏကို လျှော့ချပေးခြင်းအားဖြင့် သွေးတွင်းသကြားဓာတ်ကို အဓိက ကျဆင်းစေတယ်လို့ ယေဘုယျအားဖြင့် လက်ခံထားကြတာပါ။ တခြားသော လေ့လာမှုတွေမှာလည်း သူဟာ အူလမ်းကြောင်းကနေတစ်ဆင့် အလုပ်လုပ်တယ်လို့ တွေ့ရှိခဲ့ကြတယ်" ဟု ဘေလာဆေးတက္ကသိုလ်မှ ရောဂါကုသမှုဆိုင်ရာ ဇီဝကမ္မဗေဒပညာရှင် ဒေါက်တာမာကိုတိုဖူကူဒါက ရှင်းပြကြောင်း သိရသည်။ (SCI)

## Running Man မှ Lee Kwang Soo က အခမ်းအနားမှူးအဖြစ် တာဝန်ယူခဲ့



အာရှမင်းသား Running Man အဖွဲ့ဝင်ဟောင်း လီကွမ်ဆူက အရင်းနှီးဆုံး သူငယ်ချင်း မင်္ဂလာပွဲတွင် အခမ်းအနားမှူးအဖြစ် တာဝန်ယူခဲ့ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လီကွမ်ဆူသည် အနုပညာရှင်နှစ်ဦးဖြစ်သည့် ကင်ဝူဘင်းနှင့် ရှင်မင်အာတို့ မင်္ဂလာပွဲတွင် ကင်ဝူဘင်း၏ အရင်းနှီးဆုံးသူငယ်ချင်းအဖြစ်သာမက မင်္ဂလာအခမ်းအနားမှူးအဖြစ်ပါ တာဝန်ယူပေးခဲ့သည်။

လီကွမ်ဆူနှင့် ကင်ဝူဘင်းတို့မှာ GBRB:Joy Pops Laugh Pops အစီအစဉ်တွင် ပါဝင်ပြီး ရင်းနှီးသော သူငယ်ချင်းဖြစ်ခဲ့ကာ ရှင်မင်အာနှင့်အတူ နက်ဖလစ်ဇာတ်လမ်းတွဲ Karma တွင် ပါဝင်ထားသူ ဖြစ်သည်။

မိတ်ဆွေသူငယ်ချင်းနှစ်ဦး၏ မင်္ဂလာပွဲတွင် လီကွမ်ဆူက အခမ်းအနားမှူးအဖြစ် တာဝန်ယူပေးခဲ့၍ ပရိသတ်များက အာရှမင်းသား၊ သစ်ကုလားအုပ် လီကွမ်ဆူကို အားပေးထားကြသည်။ (SKY)

## Ryujin Tinnapt ပရိသတ်စိတ်ဝင်စားမှု မြင့်မားစွာ ရရှိထား



ကေပေါ့ပ်အနုပညာရှင် ရှုဂျင်တင်နာပတ်ခ်သည် DMD ၏ Gen;4 မျိုးဆက်သစ် အဖွဲ့ဝင်အဖြစ် မိတ်ဆက်ပေးခြင်းခံရပြီး DMD Friendship The Reality , It Takes Two ပရိုဂရမ်နှင့် ပရိသတ်စိတ်ဝင်စားမှု မြင့်မားစွာ ရရှိထားကြောင်း ထိုင်းအတ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရှုဂျင်တင်နာပတ်ခ်သည် အသက် ၁၉ နှစ် ရှိပြီး အဆိုပါ အစီအစဉ်တွင် ဖန်သားပြင်ပါတနာတစ်ဦး အောင်မြင်စွာ ပိုင်ဆိုင်နိုင်ခဲ့ခြင်းမရှိသေး၍ နောက်တစ်ကြိမ်ပြန်လည်ပါဝင်ကာ ရှာဖွေရန် ကြိုးစားနေသည်။ လက်တလော ပရိသတ်ကြား ရေပန်းစားရခြင်းမှာ ကုမ္ပဏီတူ အနုပညာအစ်ကို ကင်ပွန်ဆာတွန်နှင့် နှစ်သစ်ကူးပွဲကြည့်ရင်း မီးပန်းကြောင့် ထိတ်လန့်၍ ဘေးမှ အစ်ကိုကို မှီခိုမိရာမှ ပုံရိပ်များ ထွက်ပေါ်လာသောကြောင့် ဖြစ်သည်။

ယင်းမတော်တဆမှုနှင့် ပရိသတ်စိတ်ဝင်စားမှု မြင့်မားနေသော ရှုဂျင်တင်နာပတ်ခ်က Mr Fanboy စီးရီးတွင် မင်းသား AuAu Save နှင့်အတူ သရုပ်ဆောင်မည် ဖြစ်သည်။

(SKY)

## TOP @ Choiseunghyun က တစ်ကိုယ်တော် အယ်လ်ဘမ်အတွက် နမူနာပုံများ ထုတ်ပြခဲ့

ဘစ်ဘန်းအဖွဲ့ဝင်ဟောင်း တော့ပ်(ခေါ်)ချွိုင်းဆောင်ဟွမ်က ၁၃ နှစ်အတွင်း တစ်ကိုယ်တော် အယ်လ်ဘမ်အတွက် နမူနာပုံရိပ်များ ထုတ်ပြခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

တော့ပ်က သူ၏ အင်စတာဂရမ်အကောင့်တွင် နမူနာပုံရိပ်များနှင့်အတူ You are Invited to Another Dimension ဆိုသည့် စာသားများကိုပါ ရေးသားထားပြီး ပထမဆုံးတစ်ကိုယ်တော် အယ်လ်ဘမ်အတွက် ပုံရိပ်များကို ဝေဝေဆာဆာ တင်ပြထားသည်။

အဆိုပါ ပုံရိပ်များတွင် ကင်မရာကို စိုက်ကြည့်နေသည့် တော့ပ်၏ အဖြူအမည်းဓာတ်ပုံနှင့် မျက်လုံးတစ်ဖက်ကို ရိုက်ပြထားသည့် ဓာတ်ပုံမှာပရိသတ်ကို ဆွဲဆောင်နိုင်ခဲ့သည့် ပုံရိပ်ဖြစ်ခဲ့သည်။

၂၀၁၆ ခုနှစ် ပထမနှစ်ဝက်တွင် ထုတ်ဝေရန် စီစဉ်နေပြီး ပထမဆိုလိုအယ်လ်ဘမ်ကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်တွင် ထုတ်ဝေထားရာ Doom DADA သီချင်းပြီးနောက် ၁၃ နှစ်ကြာမှ ထုတ်ဝေခြင်းဖြစ်ကာ ဘစ်ဘန်းအဖွဲ့ အနှစ်(၂၀)မြောက်နှင့်လည်း တိုက်ဆိုင်နေ၍ ပရိသတ်စိတ်ဝင်စားမှု မြင့်မားနေသည်။ (SKY)



## Kate Winslet က ရှုံးနိမ့်တတ်ဖို့ ပိုအရေးကြီးကြောင်း ပြောကြားထား

ဟောလိဝုဒ်နာမည်ကြီး မင်းသမီး ကိတ်ဝင်းစလက်က အင်တာဗျူးတစ်ခုတွင် ရှုံးတတ်ဖို့က ပိုအရေးကြီးတယ်"ဟူ၍ သူ့ဘဝအနုပညာဖြတ်သန်းမှု ပုံရိပ်များနှင့် ချိန်ထိုးပြောကြားသွားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ အင်တာဗျူးတွင် ကိတ်ဝင်းစလက်က သူ၏ အတော်ဆုံးအရာမှာ အရှုံးကိုလက်ခံနိုင်ခြင်းဖြစ်ကြောင်း၊ The Reader နှင့် အော်စကာဆု ရစဉ်က ယုံကြည်မှု မရှိဖြစ်ခဲ့ပြီး ခြောက်ကြိမ်တိုင်တိုင် ရှုံးနိမ့်မှုကို ခံစားခဲ့ရကြောင်း၊ အနုပညာရှင်တိုင်းလိုချင်သည့် ဆုဖြစ်ပြီး နာမည်ကြေညာချိန် လေ့ကားထစ်ပေါ်တစ်လှမ်းချင်းနှင့် စင်ပေါ်တက်၍ စင်ရှေ့ကြည့်လိုက်ချိန် သြဘာသံများကြားရမှုနိုင်သည့် ခံစားချက်ပေါ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကိတ်ဝင်းစလက်က အဓိကရှုံးတတ်ဖို့ပါပဲ။ ထိုအရာကို ခံနိုင်မှ ကိုယ့်ကိုယ်ကိုယ် လက်ခံနိုင်ပြီး နိုင်သွားလျှင် အနိုင်ကို အပြည့်အဝခံစားရမည် ဖြစ်သည်။ အဓိကရည်ရွယ်ချက်မှာ ရှုံးနိမ့်ခြင်းထက် မိမိကိုယ်ကို အကောင်းဆုံး ပြင်ဆင်ခြင်းဖြစ်သည် မဟုတ်လားဟု ဆိုခဲ့သည်။

(SKY)



## Julia Raberts ၏ Wonder ဇာတ်ကား အင်္ဂလိပ်စကားပြောလေ့ကျင့်သူများအတွက် အသုံးဝင်ခဲ့




ဟောလိဝုဒ် နာမည်ကြီး မင်းသမီး ဂျူလီယာရောဘတ် ပါဝင်ထားသည့် Wonder ဇာတ်ကားမှာ အင်္ဂလိပ်စကားပြော လေ့လာသူများအတွက် အသုံးဝင်ခဲ့သော ရုပ်ရှင်ဖြစ်ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားတွင် စကားလုံးများမှာ နေ့စဉ်သုံးအတွက် ထိရောက်မှု ရှိခဲ့ပြီး မိသားစုတွင်း ပြောဆိုဆက်ဆံရေးနှင့် ကျောင်းသုံးအင်္ဂလိပ်စကားပြော လေ့လာသူများအတွက် အသုံးဝင်သော ရုပ်ရှင်ဖြစ်ခဲ့သည်။

အဆိုပါရုပ်ရှင်တွင် အင်္ဂလိပ်စာ လေ့လာသူများအတွက် လူမှုပေါင်းသင်းဆက်ဆံရေးတွင် အရေးကြီးသည့် Empathy & Kindness Language ကို လေ့လာနိုင်မည် ဖြစ်သည်။

မသန်စွမ်းသည့် ကောင်လေး ပထမအကြိမ် ကျောင်းစတက်သည့်အကြောင်းဖြစ်ပြီး ကျောင်းသားအချင်းချင်း မိတ်ဖွဲ့ခြင်း၊ အနိုင်ကျင့်ခံရမှုကို တုံ့ပြန်ခြင်း၊ မိဘများက သား၊ သမီးများကို အားပေးစကားပြောကြားခြင်း စသည်ဖြင့် စုံလင်စွာ ပါဝင်ကာ တောင်းပန်ခြင်း၊ ခွင့်လွှတ်ခြင်း၊ နှစ်သိမ့်ခြင်းနှင့် ကျောင်းသင်ခန်းစာဆွေးနွေးခြင်းတို့ စုံလင်စွာ ထည့်သွင်းထားသည်။ (SKY)

## BTS အဖွဲ့ဝင် လေးဦး ဘရာဇီးဆုပေးပွဲ၌ SEC Awards ဆု ဆွတ်ခူးရရှိခဲ့

ကေပေါ့အနုပညာအဖွဲ့ BTS အဖွဲ့ဝင်လေးဦးက ဘရာဇီးနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် SEC Awards ဆုပေးပွဲတွင် ဆုများ အသီးသီးဆွတ်ခူးရရှိခဲ့ကြကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အဖွဲ့ဝင် ခုနစ်ဦးနှင့် ဖွဲ့စည်းထားသည့် BTS အဖွဲ့ဝင်များသည် တစ်ကိုယ်တော်ဂီတ လှုပ်ရှားမှုများနှင့်လည်း အောင်မြင်ခဲ့ကြကာ အဖွဲ့ဝင် ဂျေဟုတ်က Artista Asiatico Do Ano ဆု၊ ဂျီမင်က Alisim International Do Ano ဆုနှင့် ဂျင်က Artista Masculino International ဆုနှင့် ဂျောင်ဂုက Musica International Do Ano ဆုကို Never Let Go နှင့် ရရှိခဲ့ကြသည်။

ထိုဆုများမှာ ဘရာဇီးပရိသတ်အားပေးမှုနှင့်အတူ အဖွဲ့ဝင်များ၏ ဂီတစွမ်းရည်မြင့်မားမှုအတွက် ပေးအပ်ခဲ့သော အနုပညာဆုများဖြစ်သည်။ (SKY)

# အမေရိကန်-အီရန် ပဋိပက္ခကို အဆုံးသတ်ရန် ပါကစ္စတန်နိုင်ငံက ကြားဝင်ဖျန်ဖြေရေးကြိုးပမ်းမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိ



**အစ္စလာမာဘတ် မေ ၃**

အမေရိကန်-အီရန် ပဋိပက္ခကိုအဆုံးသတ်ရန် ပါကစ္စတန်နိုင်ငံက ကြားဝင်ဖျန်ဖြေရေးကြိုးပမ်းမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ပါကစ္စတန်နိုင်ငံဆိုင်ရာ အီရန်သံအမတ်ကြီး ရီဇာ မိုဟာဒမ်က ယနေ့ ပြောကြားသည်။

အမေရိကန်နှင့် ပဋိပက္ခကိုအဆုံးသတ်ရန် ရည်ရွယ်သည့် အီရန်၏ စေ့စပ်ညှိနှိုင်းရေးအစီအစဉ်သစ်ကို ပါကစ္စတန်နိုင်ငံသို့ ပေးအပ်ခဲ့ပြီး ပါကစ္စတန်က အမေရိကန်သို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း အီရန်သံအမတ်ကြီး ရီဇာ မိုဟာဒမ်က ပြောကြားသည်။

တီဟီရန်သည် ၎င်း၏ရပ်တည်ချက်များနှင့် တောင်းဆိုမှုများတွင် ပွင့်လင်းမြင်သာမှုရှိပြီး ပြဿနာများကိုဖြေရှင်းရန် စိတ်ရင်းမှန်ဖြင့် စေ့စပ်ညှိနှိုင်းမှုတွင် အောင်မြင်မှုရရှိရန် ကြိုးပမ်းလျက်ရှိကြောင်း အီရန်သံအမတ်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

ပဋိပက္ခအဆုံးသတ်ရန် ဝါရှင်တန်၏ ဆုံးဖြတ်ချက်တွင်သာ မူတည်ကြောင်းလည်း ၎င်းက ပြောကြားခဲ့သည်။

ဒေသတွင်းနှင့် ကမ္ဘာ့ပြည်သူများက ရလဒ်ကောင်းထွက်ပေါ်မှုကို စောင့်မျှော်နေကြပြီး အီရန်က သံခင်းတမန်ခင်း လမ်းကြောင်းအတိုင်း ဆက်လက်လုပ်ဆောင်ရန် စိတ်ပိုင်းဖြတ်ထားကြောင်း ၎င်းက ပြောကြားခဲ့သည်။

အမေရိကန်သည် ၎င်း၏ အလွန်အကျွံ ရန်လိုသည့်အပြုအမူကို အဆုံးသတ်ပြီး အီရန်၏ အခွင့်အရေးများကို လေးစားသည့်ချဉ်းကပ်မှုမျိုးဖြင့် ဆောင်ရွက်သင့်ကြောင်း အီရန်သံအမတ်ကြီးက ပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်

## အီရန်နိုင်ငံခြားရေးဝန်ကြီး ဆယက်ဒ်အဘတ်စ်အာရက်ချီ နောက်ဆုံးအဆိုပြုချက်အကြောင်း ရှင်းလင်းပြောကြား



**တီဟီရန် မေ ၃**

အီရန်နိုင်ငံခြားရေးဝန်ကြီး ဆယက်ဒ်အဘတ်စ်အာရက်ချီသည် အမေရိကန်ပြည်ထောင်စုနှင့် ဖြစ်ပွားနေသော ပဋိပက္ခများကို အဆုံးသတ်ရန် အီရန်အစိုးရ၏ နောက်ဆုံးအဆိုပြုချက်နှင့် ပတ်သက်၍ အာရှနှင့် ဥရောပနိုင်ငံများမှ တာဝန်ရှိသူများကို ယမန်နေ့က ရှင်းလင်းပြောကြားခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ရက်သတ္တပတ်နှောင်းပိုင်းတွင် သီးခြားစီပြုလုပ်ခဲ့သော ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးမှုများ၌ အာရက်ချီသည် ဒေသတွင်းဖြစ်ပေါ် တိုးတက်မှုများနှင့် ဝါရှင်တန်နှင့် အပစ်အခတ်ရပ်စဲရေးကိစ္စရပ်များကို တူရကီ၊ ကာတာ၊ ဆော်ဒီအာရေဗျ၊ အီဂျစ်၊ အီရတ်၊ အဇာဘိုင်ဂျန်၊ ရုရှား၊ တောင်ကိုရီးယား၊ ဂျပန်၊ ပြင်သစ်၊ အီတလီနိုင်ငံတို့မှ တာဝန်ရှိသူများအပြင် ဥရောပသမဂ္ဂ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ အကြီးအကဲ ကာဂျာကားလပ်စ်တို့နှင့် ဆွေးနွေးခဲ့သည်။

အမေရိကန်နှင့် အစ္စရေးတို့၏ စစ်ရေးအရ ကျူးကျော်မှုများသည် ပင်လယ်ကွေ့ဒေသနှင့် ဟော်မုဇ်ရေလက်ကြားအတွင်း မလုံခြုံမှုများကို ဖြစ်ပေါ်စေသည်ဟု အာရက်ချီက ပြောကြားကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

အီရန်နိုင်ငံအနေဖြင့် ပဋိပက္ခကို စတင်ခဲ့ခြင်းမဟုတ်ဘဲ အမေရိကန်ပြည်ထောင်စုဖက်က ၎င်းတို့၏ အစွန်းရောက်ချဉ်းကပ်မှုများ၊ ခြိမ်းခြောက်မှုများနှင့် ရန်စသောလုပ်ရပ်များကို ရပ်တန့်မည်ဆိုလျှင် သံတမန်ရေးအရ ဆွေးနွေးရန် အသင့်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

Mon

## ဘရာဇီးနိုင်ငံအရှေ့မြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်း၊ လူ ၆ ဦး သေဆုံး၊ ဒေသခံများ ထောင်နှင့်ချီ အိုးအိမ်စွန့်ခွာခဲ့ရ

**ဘရာစီးလီးယား မေ ၃**

ဘရာဇီးနိုင်ငံအရှေ့မြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူအနည်းဆုံး ၆ ဦး သေဆုံးပြီး ထောင်ပေါင်းများစွာသော ဒေသခံများ အိုးအိမ်စွန့်ခွာခဲ့ရကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

မိုးနှစ်ရက်ဆက်တိုက် ရွာသွန်းပြီးနောက် မေ ၂ ရက်တွင် ပါနမ်ဘူကိုနှင့် ပါရိုဘာပြည်နယ်တို့၌ သေဆုံးမှုများ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ပါနမ်ဘူကိုပြည်နယ်၏ မြို့တော်ဖြစ်သော ရာဆီဖီမြို့တွင် ရေကြီးခြင်းနှင့် မြေပြိုခြင်းများ ဖြစ်ပွားခဲ့ပြီး အဆိုပါမြို့၌ အနည်းဆုံး လူနှစ်ဦး သေဆုံးကြောင်း အတည်ပြုသည်။

အလားတူ အိုလင်ဒါမြို့တွင်လည်း အခြားလူနှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

Mon

# INTERNATIONAL NEWS

# နိုင်ငံတကာသတင်းများ

## အိန္ဒိယနိုင်ငံ၊ အနောက်ဘက်ဂတ်တောင်တန်းဒေသတွင် ပုစဉ်းနှင့် ပုစဉ်းရင်ကွဲဆိုင်ရာစိုးရိမ်စရာအချက်များ တွေ့ရှိ

**ဒေလီ မေ ၃**

ကမ္ဘာ့အရေးပါဆုံး ဇီဝမျိုးစုံမျိုးကွဲများ တည်ရှိရာဒေသတစ်ခုဖြစ်သော အိန္ဒိယနိုင်ငံ၊ အနောက်ဘက်ဂတ်တောင်တန်းရှိ ပုစဉ်းနှင့် ပုစဉ်းရင်ကွဲမျိုးစိတ်များအား ပထမဆုံးအကြိမ်အဖြစ် လေ့လာမှုပြုလုပ်ခဲ့ရာ စိတ်ဝင်စားဖွယ်ရာနှင့် စိုးရိမ်ဖွယ်ရာအချက်များကို တွေ့ရှိခဲ့ရကြောင်း သိရသည်။

အိန္ဒိယအစိုးရ၏ သိပ္ပံနှင့် နည်းပညာဌာနက ရန်ပုံငွေပံ့ပိုးပေးထားသည့် အဆိုပါသုတေသနကို ၂၀၂၀ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ နှစ်နှစ်ကြာကာလအတွင်း အိန္ဒိယနိုင်ငံရှိ ပြည်နယ်ငါးခုတွင် ကွင်းဆင်းလေ့လာခဲ့ခြင်း ဖြစ်သည်။

အဆိုပါလေ့လာမှုအရ အနောက်ဘက်ဂတ်တောင်တန်းတွင် ပုစဉ်းနှင့် ပုစဉ်းရင်ကွဲမျိုးစိတ်ပေါင်း ၁၄၃ မျိုး ရှင်သန်နေထိုင်လျက်ရှိကာ ယင်းတို့အနက် အနည်းဆုံး မျိုးစိတ် ၄၀ ခန့်မှာ အဆိုပါဒေသ၌သာ တွေ့ရှိရသော ဒေသရင်းမျိုးစိတ်များဖြစ်ပြီး သုတေသီများအနေဖြင့် စိုးရိမ်ဖွယ်ရာအချက်တစ်ခုကိုလည်း ရှာဖွေတွေ့ရှိခဲ့ကြသည်။

ယခင်က အဆိုပါဒေသတွင် မှတ်တမ်းတင်ထားဖူးသည့် အခြားမျိုးစိတ်ပေါင်း ၇၉ မျိုးခန့်ကို ရှာဖွေတွေ့ရှိခြင်းမရှိတော့ဘဲ အနောက်ဘက်ဂတ်တောင်တန်းရှိ ပုစဉ်းနှင့် ပုစဉ်းရင်ကွဲမျိုးစိတ်အရေအတွက် ၃၅ ရာခိုင်နှုန်းခန့်အထိ လျော့နည်းသွားခြင်းဖြစ်ကြောင်း သိရသည်။

Mon

STOP AIDS

## ချမှတ်ထားသော လေကြောင်းကန့်သတ်ချက်အားလုံး အာရပ်စော်ဘွားများပြည်ထောင်စု ပြန်လည်ရုပ်သိမ်း

**ဒူဘိုင်း မေ ၃**

အာရပ်စော်ဘွားများပြည်ထောင်စုသည် အီရန်၊ အမေရိကန်နှင့် အစ္စရေးပဋိပက္ခ စတင်ဖြစ်ပွားချိန်မှစ၍ ချမှတ်ထားသော လေကြောင်းပျံသန်းမှုဆိုင်ရာ ကန့်သတ်ချက်အားလုံးကို ယမန်နေ့က ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း သိရသည်။

မိမိတို့နိုင်ငံ၏ ဝေဟင်ပိုင်နက်အတွင်း လေကြောင်းပျံသန်းမှုဆိုင်ရာ လုပ်ငန်းစဉ်အားလုံးသည် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိသွားပြီဖြစ်ကြောင်း အထွေထွေမြို့ပြလေကြောင်းအာဏာပိုင်အဖွဲ့က ထုတ်ပြန်ကြေညာသည်။

မိမိတို့၏ ဆုံးဖြတ်ချက်သည် သက်ဆိုင်ရာအာဏာပိုင်များနှင့် ပူးပေါင်းကာ လုပ်ငန်းဆောင်ရွက်မှုနှင့် လုံခြုံရေးဆိုင်ရာအခြေအနေများကို ဘက်စုံသုံးသပ်အကဲဖြတ်ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်ဟု လေကြောင်းအာဏာပိုင်အဖွဲ့က အိတ်ခ်စ်လူမှုကွန်ရက်တွင် ရေးသားထားသည်။

ယခုကြေညာချက်သည် ဖေဖော်ဝါရီနှောင်းပိုင်းကတည်းက ကန့်သတ်ချက်များအောက်တွင် လုပ်ငန်းလည်ပတ်နေရသည့် ကမ္ဘာ့အလုပ်အများဆုံး အပြည်ပြည်ဆိုင်ရာလေဆိပ်တည်ရှိရာ ဒူဘိုင်းနှင့် အဘူဒါဘီလေကြောင်းဗဟိုချက်များအတွက် သိသာထင်ရှားသော အချိုးအကွေ့တစ်ခုဖြစ်ကြောင်း သိရသည်။

Mon




## နယူးဇီလန်ဝန်ကြီးချုပ် ခရစ္စတိုဖာလပ်ခ်ဆွန် မေ ၃ ရက်မှ ၅ ရက်အထိ စင်ကာပူသို့ လာရောက်မည်



**ဝယ်လင်တန် မေ ၃**

နယူးဇီလန်ဝန်ကြီးချုပ် ခရစ္စတိုဖာလပ်ခ်ဆွန်သည် မရှိမဖြစ်လိုအပ်သော ကုန်ပစ္စည်းများ ကုန်သွယ်မှုစီးဆင်းမှုကို အာမခံချက်ပေးနိုင်မည့် သဘောတူညီချက်တစ်ခုမှတစ်ဆင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် မေ ၃ ရက်မှ ၅ ရက်အထိ စင်ကာပူနိုင်ငံသို့ လာရောက်မည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မေ ၃ ရက်တွင် ထုတ်ပြန်သည့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ၎င်း၏ သုံးရက်ကြာ တရားဝင်ခရီးစဉ်သည် ၂၀၂၅ ခုနှစ် အောက်တိုဘာလတွင် နှစ်နိုင်ငံလက်မှတ်ရေးထိုးခဲ့သော ဘက်စုံမဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးအပေါ် အခြေခံထားခြင်း ဖြစ်သည်။

နှစ်ဖက်စလုံးသည် ကုန်သွယ်ရေး၊ လုံခြုံရေး၊ ဆန်းသစ်တီထွင်မှုနှင့် ထောက်ပံ့ရေးကွင်းဆက်ကြံ့ခိုင်မှုစသည့် နယ်ပယ်အသီးသီးတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် ကတိပြုထားကြသည်။

မေ ၄ ရက်တွင် ဝန်ကြီးချုပ်လပ်ခ်ဆွန်နှင့် ဝန်ကြီးချုပ် လောရင့်စ်ဝန်းတို့သည် ပထမဆုံးအကြိမ် နှစ်ပတ်လည် ခေါင်းဆောင်များအစည်းအဝေးကို ကျင်းပမည်ဖြစ်ပြီး မရှိမဖြစ်လိုအပ်သော ကုန်ပစ္စည်းများ ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက် လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်မည်ဖြစ်သည်။

ထို့ပြင် ၎င်းတို့နှစ်ဦးသည် ပူးတွဲသတင်းစာရှင်းလင်းပွဲတွင်လည်း မိန့်ခွန်းပြောကြားမည်ဖြစ်ကြောင်း သိရသည်။

Mon

## လေးမျက်နှာဘုရားနှင့် ဆည်တော်နံရွှေမုဋ္ဌောဘုရားတို့အား ရေသပ္ပာယ်ခြင်းနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်



**ကျောက်ဆည် မေ ၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၌ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လေးမျက်နှာဘုရားနှင့် ဆည်တော်နံရွှေမုဋ္ဌောဘုရားတို့အား ခရိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ယနေ့ နံနက် ၇ နာရီက ရေသပ္ပာယ်ခြင်းနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် သန္တေတပ်ဖွဲ့ဝင် ၂၀ ဦး၊ အရန်တပ်ဖွဲ့ဝင် ၁၀ ဦးနှင့် မိသားစုဝင်များ စုပေါင်း၍ ရေသပ္ပာယ်ခြင်း၊ ဘုရားရင်တော်နှင့် ဘုရားဝင်းအတွင်း၊ အပြင် နေရာများတွင် စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၅)

၀-၀-၀-၀-၀-၀-၀

## မိတ္ထီလာအကျဉ်းထောင်၌ မီးဘေးကြိုတင်ကွယ်ရေးလေ့ကျင့်သရုပ်ပြ ဆောင်ရွက်

**မိတ္ထီလာ မေ ၃**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ မိတ္ထီလာအကျဉ်းထောင်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် လက်တွေ့မီးငြိမ်းသတ်ခြင်း ဇာတ်တိုက်လေ့ကျင့်သရုပ်ပြမှုကို ယနေ့ နံနက် ၇ နာရီက ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မိတ္ထီလာမြို့ အကျဉ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်လွင် ဦးဆောင်သော အကျဉ်းဦးစီးဌာနဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ယာဉ်၊ မီးသတ်စက်ဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးများဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းများ လက်တွေ့ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသမှုကို ခရိုင်မီးသတ်စခန်းမှ ဦးစီးအရာရှိ ဦးသီဟအောင် ဦးစီးသော သန္တေတပ်ဖွဲ့ဝင်များက လက်တွေ့လေ့ကျင့်ပြသခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၅၃)



## ရက် (၁၀၀) စီမံချက်ဖြင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

**မိုင်းဆတ် မေ ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ ရက်(၁၀၀) စီမံချက်ဖြင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဟောပြောပွဲနှင့် တိရစ္ဆာန်ကူးစက်ရောဂါ ကြိုတင်ကာကွယ်နိုင်ရေး ခြံဖျန်းပိုးသတ်ဆေးများ ထောက်ပံ့ပေးအပ်ခြင်းကို မေ ၃ ရက် နံနက် ၉ နာရီခွဲက မယ်နင်ကျေးရွာဘုန်းတော်ကြီး ကျောင်းဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမိုးဇော်ဦးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခတ္တိယတို့က ဒေသဖွံ့ဖြိုးရေးနှင့်ပတ်သက်၍လည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးအားလွန်က စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍လည်းကောင်း အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါက်တာစောထက်ဝင်းက မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများအား ကြက်၊ ဝက်၊ ကျွဲနှင့်နွားများ ဖြန့်ဖြူးပေးဆောင်ရွက်ပေးနေမှု၊ ကာကွယ်ဆေးများထိုးနှံဆောင်ရွက်ပေးနေမှု၊ ရက်(၁၀၀)စီမံချက်ကာလအတွင်း ဒေသကြက်များ ဖြန့်ဖြူးဆောင်ရွက်ပေးမည့် အခြေအနေနှင့် တိရစ္ဆာန်ကူးစက်ရောဂါကြိုတင်ကာကွယ်နိုင်ရေး ခြံဖျန်းပိုးသတ်ဆေးများ ထောက်ပံ့ပေးမည့် အခြေအနေတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တိရစ္ဆာန်ကူးစက်ရောဂါကြိုတင်ကာကွယ်နိုင်ရေး ခြံဖျန်းပိုးသတ်ဆေးများကို တာဝန်ရှိသူတို့က ထောက်ပံ့ပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုင်းအင်ခမ်းနှင့် ကျေးရွာသူကြီးများက လက်ခံရယူခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## နေအိမ် မီးလောင်မှုဖြစ်ပွား

**ဟသ်ာတ မေ ၃**

ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့နယ်၊ နတ်မော်ကျေးရွာအုပ်စု၊ ပြာကတက်ကျေးရွာတွင် ဧပြီ ၃၀ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်ခန့်က ပိုင်ရှင် ဦးရဲရင့်(၃၉)နှစ်ဆိုသူ၏ ၁၈ပေ×ပေ၃၀၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းတစ်ထပ်နေအိမ်တွင် မီးဖိုမီးကြွင်း မီးကျန်မှတစ်ဆင့် အနီးရှိထရံသို့ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ဟသ်ာတမြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ယာဉ် သုံးစီးဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းခဲ့သည်။



အဆိုပါ မီးလောင်မှုကြောင့် ၁၈ပေ×ပေ၃၀၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းတစ်ထပ်နေအိမ် တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ဦးရဲရင့်ဆိုသူအား ဟသ်ာတမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀-၀



## ရက်(၁၀၀)စီမံချက်ဖြင့် ကျေးရွာမြေငှားဂရန်ဆောင်ရွက်နိုင်ရေး မြေနဲလေးကျေးရွာ၌ ကွက်စိပ်၊ ကွက်ကျဲမြေတိုင်းတာခြင်းများ ဆောင်ရွက်

**ညောင်ဦး မေ ၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၌ ရက် (၁၀၀)စီမံချက်ဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ဆောင်မှုလုပ်ငန်းဖြစ်သော မြေနဲလေးကျေးရွာအုပ်စု၊ မြေနဲလေးကျေးရွာ၌ မေ ၃ ရက် နံနက် ၁၀ နာရီက ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေး ကွင်းဆင်းစစ်ဆေးခဲ့သည်။ ကျေးရွာမြေငှားဂရန်ထုတ်ပေးရေး လုပ်ငန်းစဉ်များမှ ကွက်စိပ်၊ ကွက်ကျဲမြေတိုင်းတာခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအား ကော်လိတ္တော်အရာရှိ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းညို၊ မြို့နယ်အုပ်ချုပ်ရေးမှူး နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer) ဦးဝင်းလှိုင်တင့်၊ မြို့နယ်မြေစာရင်းဦးစီးမှူး နယ်နိမိတ်ကြပ်မတ်ရေး အရာရှိ (Demarcation Officer) ဦးမြင့်အောင် တို့က မြေပြင်ကွက်စိပ်၊ ကွပ်ကျဲတိုင်းတာခြင်းလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၄၈၁)

## ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၍ အမျိုးသား တစ်ဦး သေဆုံး

**ရှမ်းပြည်နယ် မေ ၃**

ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၉ ရက် နံနက် ၁၁ နာရီတွင် ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်၊ ပန်ကွဲတောင်အဆင်း၊ ကျိုင်းတုံ-တာချီလိတ် သွားကားလမ်း မိုင်တိုင်အမှတ် ၆၅၁ မိုင်နှင့် ၆၅၂ မိုင်ကြား၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁၂၀)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ တာချီလိတ်မြို့မှ ကျိုင်းတုံမြို့ဘက်သို့ ကျိုင်းတုံမြို့နေ ဦးဝေဖြိုးဦး(၄၀)နှစ်ဆိုသူ မောင်းနှင်လာသည့် FORD RANGER မော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့သဖြင့် ၎င်းတွင် ထိခိုက်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သောကြောင့် ဝေဖြိုးဦးဆိုသူအား ကျိုင်းတုံမြို့မရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



# ကြိုင်သင်းက ဒဿန

မြန်န္ဒာဉာဏ်ဝေ

တစ်ခုသော သောကြာနေ့တွင် ဆရာနိုင်ဇလ၏ မွေးနေ့ကို နန်းဦးလွင်တွင် ပြုလုပ်သည်။ မိတ်ဆွေ အပေါင်းအသင်းများ၊ စာရေးဆရာများ စုံလင်လှ၏။ မြန်မာမှုအေးပေါနှင့် ဆရာစိန်တို့ နှစ်ယောက် အပြန်တွင် ၁၉ လမ်း အရှေ့ထိပ် ကြိုင်သင်းလက်ဖက်ရည်ဆိုင်၌ ထိုင်ဖြစ်ကြသည်။ ကြိုင်သင်းလက်ဖက်ရည်ဆိုင် သက်တမ်းသည် ရှည်လျားလှသည်။ အရည်အသွေးကိုလည်း ထိန်းထားနိုင်သည်။ မြန်မာမှု အေးပေါတစ်ယောက် ဆိုင်ထဲတွင် မျက်စိကစားနေသည်။ တစ်ခုသော နေရာတွင် ရေးထားသော စာကြောင်းနှစ်ကြောင်းကို တွေ့သွားသည်။ 'ငါရှိလျှင် မသာရှိသည်။ ငါမရှိလျှင် မသာမရှိ'။ သူသည် ထိုစာကြောင်းနှစ်ကြောင်းကို အချိန်အတန်ကြာမျှ စိုက်ကြည့်နေသည်။ ပြုံးကြည့်သည်။ မှုးကြည့်သည်။ ခဏအကြာ ဆံပင်အဖြူများကို 'တဖျင်းဖျင်း' မြည်အောင် ဆွဲကုပ်နေတော့၏။

'ကိုကြီးပေါ ဘာတွေ အခက်အခဲတွေ့နေတာလဲ' ဆရာစိန်မှ အမေးရှိလာသည်။

'ဟိုစာတန်း နှစ်ကြောင်းကို ဖတ်ပြီး အဓိပ္ပာယ်ဖွင့်နေတာ ဆရာစိန်။ ကျေနပ်မှုရလောက်တဲ့အထိ မဖွင့်နိုင်ဘူး ဖြစ်နေလို့ဗျ'

ဆရာစိန်က စာကြောင်းနှစ်ကြောင်းကို ခေတ္တစိုက်ကြည့်လိုက်သည်။ ပြီးလျှင်---

'ဒီစာကြောင်းလေး နှစ်ကြောင်းက သာမန် ကြည့်ရင်တော့ တိုတိုလေးပဲဗျ။ ဒါပေမဲ့ အဓိပ္ပာယ်က ကျယ်ပြန့်တယ်ဗျ။'

'လုပ်စမ်းပါဦး ဆရာစိန်ရာ၊ ခင်ဗျားက လောကီ လောကုတ် တော်တော်နှံ့စပ်ပါတယ်'

'ဒီလိုဗျ--- ဒီစာတန်းလေး နှစ်ကြောင်းကို သာမန် ပုထုဇဉ်အနေနဲ့ကြည့်မယ်ဆိုရင်တော့ ငါဆိုတဲ့ ကိုယ့်ကိုယ်ကိုယ် ရှိနေသေးရင် တစ်နေ့ သေဆုံးပြီး မသာကောင်ကြီးအဖြစ် ရောက်ရှိလာမှာပဲ။ မသာကောင်ကြီးကို သုသာန်မှာ သဂြိုဟ်ပြီးပြီဆိုရင်တော့ ငါဆိုတဲ့ ကိုယ့်ကိုယ်ကိုလည်း မရှိတော့သလို၊ မသာကောင်ကြီးလည်း မရှိတော့ဘူးပေါ့ဗျာ။ ဒါကတော့ သာမန် မျက်စိအမြင်ပေါ့။'

'ကျုပ်လည်း အဲ့ဒီလိုပဲ မြင်တယ် ဆရာစိန်။ တစ်ခြား ဘယ်လို အဓိပ္ပာယ်ရှိသေးလို့လဲ ဆရာစိန် အလင်းပြစမ်းပါဦးဗျ'

'ကလျာဏ ပုထုဇဉ် အမြင်ကတော့ ငါဆိုတာကြီး ရှိနေသမျှ ဆိုလိုတာက မသိမှု အဝိဇ္ဇာကြီးရှိနေသမျှ လိုချင်မှုလောဘ တဏှာကြီးက လာမှာပဲ၊ လောဘတဏှာ လာရင်၊ စွဲလမ်းမှု ဥပါဒါန်ကြီးလည်း ဖြစ်လာမှာပဲ၊ ဥပါဒါန်ဖြစ်ရင် ကမ္မဘဝဆိုတဲ့ ကံကြောင့် ပဋိသန္ဓေ ဖြစ်လာရပြီဗျာ။ ကမ္မဘဝ ဖြစ်လာပြီဆိုမှတော့ ဇာတိ၊ ဇရာ၊ မရဏတွေက တန်းစီပြီး လိုက်လာကြတာပဲ။ မရဏ ရောက်ပြီဆိုမှတော့ မသာကောင် ဖြစ်ပြီပဲဗျာ။ ဒါကြောင့်မို့လို့ ငါရှိရင် မသာရှိမှာပဲ။ အဝိဇ္ဇာရှိရင် မရဏ ရှိမှာပဲလေ။'

'ဟာ--- ဆရာစိန် ရှင်းပြလိုက်တော့လည်း ငါတစ်လုံးဟာ ပဋိစ္စသမုပ္ပာဒ်ကြီး တစ်ခုလုံး တန်းစီဝင်လာ တာပဲဗျနော်။'

'ဒါပေါ့ ကိုကြီးပေါရယ်။ ငါလို့ပဲ ခေါ်ခေါ်၊ ကျွန်တော်လို့ပဲ ပြောပြော၊ သူ၊ ငါ၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမလို့ အထင်မှတ်မှားနေသမျှ ကာလပတ်လုံး သက္ကာယဒိဋ္ဌိက မလွတ်ကင်းနိုင်ကြဘူးဗျ။ သမုတိသစ္စာ၊ စကားအဖြစ်တော့ ပြောလို့ရတာပေါ့ဗျာ။ တရားသဘောနဲ့ကြည့်ရင် အဲ့ဒါတွေက မရှိကြဘူး၊ ဝိညာဉ် ဆိုတဲ့အကောင် မရှိဘူး။ အတ္တကောင် အသက်ကောင် ဆိုတာ မရှိဘူး။ လိပ်ပြာကောင်ဆိုတာ မရှိဘူး။ အဲ့ဒါတွေကို ရှိတယ်လို့ ထင်နေသမျှ မသာကောင်ဘဝက မလွတ်ကြဘူးပေါ့ဗျာ။ တကယ် တမ်းရှိနေတာက ခန္ဓာငါးပါးပဲ ရှိတာဗျ။

'ကျုပ်မရှင်းလို့ တစ်ခုမေးဦးမယ် ဆရာစိန်၊ ခင်ဗျားတို့၊ ကျုပ်တို့ ပဲလမုန့်လေးတွေ၊ လက်ဖက်ရည်လေးတွေ ကောင်းတာ၊ ဆိုးတာကို သိတယ်၊ နားကကြားရတဲ့ အသံလေးတွေ ကောင်းတာ၊ ဆိုးတာကို သိတယ်။ အဲ့ဒါဟာ အသက်ကောင် ဝိညာဉ်ကောင်လေးရှိလို့ သိနေတာ မဟုတ်လားဗျာ'

'ဒါက အာရုံနဲ့ ဒွါရတိုက်ပြီး အပွင့်ဓာတ် အသိစိတ်ကြောင့် ခန္ဓာငါးပါးထဲက ဝိညာဏက္ခန္ဓာကြောင့် သိနေတာပါ။ တစ်နေ့ ခင်ဗျား ရုပ်တရား၊ နာမ်တရားတွေ သိလာတဲ့ တစ်နေ့ အာယတန ၁၂ ပါး ဆိုတာကို သိနားလည်လာတဲ့တစ်နေ့၊ ခန္ဓပဋိစ္စသမုပ္ပာဒ်ကို နားလည်လာတဲ့တစ်နေ့ကြရင် သဘောပေါက်လာလိမ့်မယ်'

'ခင်ဗျားနဲ့တွေ့မှပဲ ကျုပ်သိထားတဲ့ အသိတွေ၊ ကျုပ်မြင်ထားတဲ့ အမြင်တွေ ပြောင်းပြန်ကို ဖြစ်ကုန်ပြီ ဆရာစိန်။ ဒါနဲ့ နေပါဦးဗျ 'ငါမရှိလျှင် မသာ မရှိတော့ဘူး' ဆိုတာကိုလည်း တစ်ဆိတ်လောက် ရှင်းပြပါဦးဗျ။

'သြော် ကိုကြီးပေါရယ် - ငါဆိုတဲ့ အထင်မှတ်မှားနေတဲ့ အတ္တကောင်ကြီး၊ အဝိဇ္ဇာကောင်ကြီး မရှိမှတော့ လောဘဆိုတဲ့ တဏှာကောင်ကြီးလည်း မလာတော့ဘူးပေါ့ဗျာ။ တဏှာကောင်ကြီးမရှိမှ တော့ မရဏဆိုတဲ့ အသုဘ မသာကောင်ကြီးလည်း မလာတော့ဘူး။ မလာတော့ မရှိတော့ဘူးပေါ့ဗျာ။ တစ်ကယ်တော့ မသိမှုဆိုတဲ့ အဝိဇ္ဇာကြီးက တဏှာကြီးကို ဘာမှမမြင်အောင် ကာကွယ်ပေးထားလို့ တဏှာကြီးက ဘာမဆို လိုချင်နေတော့တာပေါ့။ လောကမှာ ဘယ်အရာကိုမှ မလိုချင်ကောင်းဘူးတဲ့ဗျ။'

'ဟာ ဘာဖြစ်လို့လည်း ဆရာစိန်'

'လိုချင်လို့ ရသမျှအားလုံးဟာ ဒုက္ခသစ္စာတွေချည်းမို့ပေါ့ဗျာ။ ရသမျှအားလုံးဟာ ဆင်းရဲကြောင်း အမှန်တရားတွေချည်းပဲမို့ပေါ့။ မြတ်စွာဘုရားဟောခဲ့တာက လိုချင်ကောင်းတာဆိုလို့ နိဗ္ဗာန်တစ်ခုပဲ ရှိတယ်တဲ့ဗျ။ အေးငြိမ်းချမ်းသာ အစစ်မှန်မို့ပေါ့ဗျာ။ နိဗ္ဗာန်မရောက်မချင်း ချမ်းသာမှုမတွေ့ဘဲ ပူလောင်နေကြရဦးမှာပဲ။ မသာကောင်ကြီးပွေ့ပြီး ပူလောင်နေတဲ့ အမျိုးသမီးတစ်ယောက်အကြောင်းကို ပြောပြဦးမယ်ဗျ။

တစ်ခါတုန်းက ကိသာဂေါတမီဆိုတဲ့ သူဌေးသမီးလေးတစ်ယောက်ရှိတယ်ဗျ။ သူ့မှာ သုံးနှစ်သားအရွယ် သားလေးတစ်ယောက်လည်း ရှိတယ်။ တစ်နေ့ အဲ့ဒီသားလေး မကျန်းမာဖြစ်ပြီး သေသွားတော့ ရူးသွပ်မတတ်ခံစားရပြီး အလောင်းကောင်ကို ပွေ့ပြီးတော့ ဟိုပြေး ဒီပြေး ဖြစ်နေတာပေါ့။ မြတ်စွာဘုရားနဲ့တွေ့တော့ 'ချစ်သမီးရဲ့သားလေးကို အသက်ရှင်အောင် ကုပေးရမှာဖြင့် လူမသေသေးဘူးသေးတဲ့ မိသားစုအိမ်က မုန်ညင်းဆီ အနည်းငယ်တောင်းခဲ့ပေတော့ ချစ်သမီး ကိသာဂေါတမီ'လို့ ပြောလိုက်သတဲ့။ အဲ့ဒီအခါ ကိသာဂေါတမီလည်း သားသေလေးပိုက်ပြီး တစ်အိမ်တက်၊ တစ်အိမ်ဆင်း မုန်ညင်းဆီလိုက်ရှာတာပေါ့။ လူသေဖူးတဲ့ အိမ်တွေချည်းပဲ။ လူသေဖူးတဲ့ မိသားစုတွေချည်းပဲလေ။ ဒီတော့ မုန်ညင်းဆီက ဘယ်မှာမှ ရှာလို့မရဘူး။ မြတ်စွာဘုရားထံ ပြန်ရောက်တော့မှ မရဏာနုဿတိကမ္မဋ္ဌာန်းတရားနာပြီး သောတာပန် ဖြစ်ခဲ့ရတာကိုးဗျ။ သေခြင်းတရားဆိုတာ သတ္တဝါအားလုံး ကြုံတွေ့ရမယ့် ဓမ္မတာတရားပါလားဆိုတာကို သူသိခဲ့ရပြီလေ။ ' မြန်မာမှု အေးပေါတစ်ယောက် ခေါင်းတညိတ်ညိတ်နဲ့ အားပေး ထောက်ခံရင်း နားစိုက်ထောင်နေ၏။

တစ်ခါမှာတော့ ကိသာဂေါတမီ ဘိက္ခုနီမကလေးဟာ ဆီမီးခွက်တွေကို မီးထွန်းနေသတဲ့ဗျာ။ ဆီမီးခွက်တွေ ထွန်းရင်း သံဝေဂတွေ ပွားများမိတာပေါ့ ကိုကြီးပေါရာ။ ဆီကုန်တော့၊ မီးစာကုန်တော့ မီးကငြိမ်းသွားလိုက်။ ပြန်ထည့်ထွန်းတော့ မီးကတောက်လောင်လာလိုက်နဲ့ပေါ့။ ဆီမီးတောက်တွေ တောက်လိုက် ငြိမ်းလိုက် ဖြစ်နေသလိုပဲ။ သတ္တဝါတွေဟာလည်း ဖြစ်လိုက် ပျက်လိုက် ဖြစ်နေကြတာပါလား။ နိဗ္ဗာန်ရောက်သူတွေသာ မဖြစ်မပျက် ငြိမ်းချမ်းကြတာပါလားလို့ သံဝေဂတရားပွားနေရင်း အနိစ္စ (မမြဲခြင်း)နဲ့ ဒုက္ခ (ဆင်းရဲခြင်း)တို့ အခြေခံတဲ့ သင်္ခါရ တရားတို့ရဲ့ အဆုံးဖြစ်တဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခဲ့တာပေါ့ဗျ'

'အံ့သြစရာပဲနော် ဆရာစိန်။ ပါရမီရှင်တွေဆိုတော့ ဆီမီးတောက်လေးကိုကြည့်ပြီး တရားထူးရခဲ့ကြသတဲ့ဗျာ' 'ကိုကြီးပေါရယ် - ပါရမီဆိုတာ ခုလုပ်ရင်၊ ခုကျင့်ရင် ခုရတာပေါ့ဗျာ။ သိဖို့ ကျင့်ဖို့တော့ လိုတာပေါ့ဗျာ။ ငါဆိုတဲ့ အဝိဇ္ဇာတရားတွေနဲ့ ငါ့ဟာဆိုတဲ့ တဏှာတရားတွေ ခင်ဗျားတို့ ကျုပ်တို့ မပယ်နိုင်သေးသမျှ မသာခန္ဓာတွေဟာ လာနေဦးတော့မှာပေါ့ဗျာ။'

'သြော်---ဟုတ်ပေသားပဲနော်- ဒီကြိုင်သင်း လက်ဖက်ရည် ဆိုင်ထဲက ဒဿနလေးနှစ်ကြောင်းက စေ့စေ့တွေးလိုက်ရင် အဲ့ဒီလောက်ကိုပဲ ကျယ်ပြန့်သားပါကလား' ဟု တွေးလျက် မြန်မာမှု အေးပေါ တစ်ယောက် ခေါင်းတညိတ်ညိတ်ဖြင့် ---

တစ်ခါမှာတော့ ကိသာဂေါတမီ ဘိက္ခုနီမကလေးဟာ ဆီမီးခွက်တွေကို မီးထွန်းနေသတဲ့ဗျာ။ ဆီမီးခွက်တွေ ထွန်းရင်း သံဝေဂတွေ ပွားများမိတာပေါ့ ကိုကြီးပေါရာ။ ဆီကုန်တော့၊ မီးစာကုန်တော့ မီးကငြိမ်းသွားလိုက်။ ပြန်ထည့်ထွန်းတော့ မီးက တောက်လောင်လာလိုက်နဲ့ပေါ့။ ဆီမီးတောက်တွေ တောက်လိုက် ငြိမ်းလိုက် ဖြစ်နေသလိုပဲ။ သတ္တဝါတွေဟာလည်း ဖြစ်လိုက် ပျက်လိုက် ဖြစ်နေကြတာပါလား။ နိဗ္ဗာန်ရောက်သူတွေသာ မဖြစ်မပျက် ငြိမ်းချမ်းကြတာပါလားလို့ သံဝေဂတရားပွားနေရင်း အနိစ္စ (မမြဲခြင်း)နဲ့ ဒုက္ခ(ဆင်းရဲခြင်း)တို့ အခြေခံတဲ့ သင်္ခါရ တရားတို့ရဲ့ အဆုံးဖြစ်တဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခဲ့တာပေါ့ဗျ'

# နိုင်ငံတကာ အားကစား သတင်းများ



## ဗီရိုနာနှင့် ပီဆာအသင်းတို့ စီးရီးအေပြိုင်ပွဲမှ တန်းဆင်းခဲ့ရ

**လန်ဒန် မေ ၃**

ဗီရိုနာအသင်းနှင့် ပီဆာအသင်းတို့သည် စီးရီးအေပြိုင်ပွဲမှ တန်းဆင်းခဲ့ရပြီဖြစ်သည်။

ဗီရိုနာအသင်းသည် စီးရီးအေပွဲစဉ် (၃၄)ပွဲ ယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၁၉မှတ်ဖြင့် အဆင့်(၁၉)နေရာတွင် ရပ်တည်ပြီး ပြိုင်ပွဲပြီးဆုံးရန် လေးပွဲအလိုမှာပင် တန်းဆင်းခဲ့ရသည်။

ထို့အတူ ပီဆာအသင်းသည်လည်း စီးရီးအေပွဲစဉ် (၃၅)ပွဲ ယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၁၈မှတ်ဖြင့် အဆင့်(၂၀)နေရာတွင် ရပ်တည်ပြီး ပြိုင်ပွဲပြီးဆုံးရန် သုံးပွဲအလိုမှာပင် တန်းဆင်းခဲ့ရသည်။

ထို့ကြောင့် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ စီးရီးအေပြိုင်ပွဲမှ စီးရီးဘီသို့ တန်းဆင်းရန် နှစ်သင်းအထိ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

**(အပေါ်ပုံ)**

**(NGB)**

## အာမာဒူအိုနာနာ ခြေသလုံးဒဏ်ရာကြောင့် တစ်လနီးပါးခန့် အနားယူရဖွယ်ရှိ



**လန်ဒန် မေ ၃**

အက်စတွန်ဗီလာအသင်း ကွင်းလယ်ကစားသမား အာမာဒူအိုနာနာသည် ခြေသလုံးဒဏ်ရာကြောင့် တစ်လနီးပါးခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ယူရိုပါလိဂ်ပွဲစဉ်အဖြစ် အက်စတွန်ဗီလာအသင်းက နော်တင်ဟမ်ဖောရက်စ်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား အာမာဒူအိုနာနာ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အက်စတွန်ဗီလာအသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၄)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား အာမာဒူအိုနာနာ အက်စတွန်ဗီလာအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၇၀ ကစားကာ ခုနစ်ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

**(ဝဲပုံ)(NGB)**

## နေသန်အကေ ယခုနှစ်ဘောလုံးရာသီအကုန်တွင် မန်စီးတီးအသင်းမှ ထွက်ခွာဖွယ်ရှိ

**လန်ဒန် မေ ၃**

မန်စီးတီးအသင်းနောက်ခံကစားသမား နေသန်အကေသည် ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းမှ ထွက်ခွာသွားဖွယ်ရှိသည်။

အသက်(၃၁)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် အေစီမီလန်၊ အင်တာမီလန်၊ ဂျူဗင်တပ် စသည့် စီးရီးအေအသင်းများက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

နောက်ခံကစားသမား နေသန်အကေသည် မန်စီးတီးအသင်းနှင့်အတူ ၂၀၂၀-၂၀၂၁ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၇၄ ပွဲကစားပြီး ၁၀ ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စီးရီးအေကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။ **(ယာပုံ)**

ထို့ကြောင့် နေသန်အကေ အနေဖြင့် မန်စီးတီးအသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိသွားမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**



## ဟောဒန်ဟက်ခ်နီကို ခေါ်ယူရန် ဘရိုက်တန်အသင်းစီစဉ်

**လန်ဒန် မေ ၃**

ဘရိုက်တန်အသင်းသည် မစ်ဒယ်ဘရော့အသင်း ကွင်းလယ်ကစားသမား ဟောဒန်ဟက်ခ်နီကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် မစ်ဒယ်ဘရော့အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၈ ပွဲကစားပြီး ခြောက်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘရိုက်တန်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

မစ်ဒယ်ဘရော့အသင်းကလည်း ဟောဒန်ဟက်ခ်နီအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ဘရိုက်တန်အသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် မစ်ဒယ်ဘရော့အသင်းထံမှ ဟောဒန်ဟက်ခ်နီကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ)(NGB)**



## 2026 Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Jannik Sinner ဆွတ်ခူး



**မက်ဒရစ် မေ ၃**

စပိန်နိုင်ငံ၊ မက်ဒရစ်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အီတလီတင်းနစ်ကစားသမား Jannik Sinner က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ အီတလီတင်းနစ်ကစားသမား Jannik Sinner သည် 2026 Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ဂျာမနီတင်းနစ်ကစားသမား Alexander Zverev ကို ၆-၂၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ Jannik Sinner က "ကျွန်တော် အခုလို 2026 Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေအပြင် နိုင်ငံအတွက် ဂုဏ်ဆောင်နိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။ **(ဝဲပုံ)(NGB)**

## ဟာ့ဂျ်ဒါရီ ဟော်ဖန်ဟိမ်းအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မြူးနစ် မေ ၃**

ဟော်ဖန်ဟိမ်းအသင်းသည် အသင်းနောက်ခံကစားသမား ဟာ့ဂျ်ဒါရီအား ၂၀၃၁ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ဟော်ဖန်ဟိမ်းအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၂၈ပွဲကစားပြီး တစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ ဟာ့ဂျ်ဒါရီက 'ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ ရလဒ်ကောင်းတွေလည်း ရယူသွားလိုပါတယ်။ ဒီအသင်းဟာ ကျွန်တော့်အတွက် ကြီးကျယ်ခမ်းနားတဲ့ အသင်းတစ်သင်းပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်' ဟု ပြောသည်။ **(အောက်ပုံ) (NGB)**



### ဘောလုံးသတင်း အတိုအထွာများ

* စီးရီးအေပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက အတ္တလန်တာအသင်းနှင့် ဂျီနိုအာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

* အက်စတွန်ဗီလာအသင်းနှင့် စပါးအသင်းတို့သည် အေစီမီလန်အသင်း ကွင်းလယ်ကစားသမား ဖိုဖာနာအား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။ **(NGB)**

## ဘာစီလိုနာအသင်းက အိုဆာဆူနာအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**ဘာစီလိုနာ မေ ၃**

စပိန်လာလီဂါပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဘာစီလိုနာအသင်းနှင့် အိုဆာဆူနာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘာစီလိုနာအသင်းက အိုဆာဆူနာအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဘာစီလိုနာအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၈၁မိနစ်တွင် လီဝန်ဒေါစကီး၊ ပွဲချိန် ၈၆ မိနစ်တွင် ဖာရန်တောရက်စ်တို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

ဘာစီလိုနာအသင်းသည် စပိန်လာလီဂါ ပွဲစဉ်(၃၄)ပွဲ ယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၈၈ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၁)နေရာတွင် ရပ်တည်ခဲ့သည်။

**(အောက်ပုံ)(NGB)**



### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၅-၅-၂၀၂၆<br>နံနက် ၀၁း၃၀ နာရီ | (၁၈)ဆီဗီလာ - ဆိုစီဒက်(၉)<br>(L,L,W,L,D) (W,D,W,L,D) | ဆီဗီလာ ၀-၂ ဆိုစီဒက်<br>ဆိုစီဒက် ၀-၁ ဆီဗီလာ |

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၅) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၅-၅-၂၀၂၆<br>နံနက် ၀၁း၃၀ နာရီ | (၁၁)အဲဗာတန် - မန်စီးတီး(၂)<br>(L,W,D,L,L) (W,W,W,W,W) | အဲဗာတန် ၀-၂ မန်စီးတီး<br>မန်စီးတီး ၁-၁ အဲဗာတန် |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၅) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၄-၅-၂၀၂၆<br>ည ၁၁း၀၀ နာရီ | (၁၈)ခရီမိုနီဆီ - လာဇီယို(၈)<br>(W,L,L,D,L) (D,L,W,W,D) | ခရီမိုနီဆီ ၀-၄ လာဇီယို<br>လာဇီယို ၃-၂ ခရီမိုနီဆီ |
| ၅-၅-၂၀၂၆<br>နံနက် ၀၁း၁၅ နာရီ | (၆)ရိုးမား - ဖီအိုရင်တီးနား(၁၅)<br>(W,L,W,D,W) (L,W,W,D,D) | ရိုးမား ၁-၀ ဖီအိုရင်တီးနား<br>ဖီအိုရင်တီးနား ၅-၁ ရိုးမား |

# မက္ကဒေးမီးယားစိုက်ပျိုးရေး နည်းပညာရပ်ဝန်း အဆင့်မြှင့်တင်ရန် MFA မှ သင်တန်းသစ် ဖွင့်လှစ်မည်

**မန္တလေး မေ ၃**

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် ဈေးကွက်ဝယ်လိုအား မြင့်မားလျက်ရှိသော မက္ကဒေးမီးယား (Macadamia) သီးနှံ စိုက်ပျိုးထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ Myanmar Farmers' Academy (MFA) မှ "မက္ကဒေးမီးယားစိုက်ပျိုးရေး အခြေခံနည်းပညာသင်တန်းနှင့် ဆွေးနွေးပွဲ (အမှတ်စဉ်-၁)" ကို လာမည့် မေ ၁၃ ရက်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်သည်။

အဆိုပါ သင်တန်းတွင် မက္ကဒေးမီးယား၏ နောက်ခံသမိုင်းကြောင်းနှင့် မျိုးရွေးချယ်ခြင်း၊ ခြံတည်ထောင်ခြင်း၊ အာဟာရဓာတ်စီမံခန့်ခွဲခြင်းနှင့် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း စသည့် နည်းပညာရပ်များကို အခြေခံမှစ၍ အသေးစိတ်ပို့ချသွားမည်ဖြစ်သည်။

ထို့အပြင် ပြည်ပဈေးကွက် တင်ပို့နိုင်ရေးအတွက် အရေးပါသည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) လက်မှတ်လျှောက်ထားခြင်း အဆင့်ဆင့်ကိုပါ ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်ရာ လက်ရှိစိုက်ပျိုးနေသူများသာမက လုပ်ငန်းသစ်စတင်လိုသူများအတွက်ပါ အထူးသင့်လျော်သည့် သင်တန်းတစ်ခုဖြစ်သည်။

သင်တန်းပို့ချမှုအပိုင်းတွင် မက္ကဒေးမီးယားပညာရှင် ဦးတင်နိုင်ထွန်း၊ ဒေါက်တာဟန်ဖြိုးအောင်နှင့် Certified GAP Trainer ဒေါက်တာဝဏ္ဏထွန်းတို့က ဦးဆောင်ဆွေးနွေးမည်ဖြစ်ပြီး သင်တန်းကာလမှာ မေ ၁၃ ရက်မှ ၂၂ ရက်အထိ စုစုပေါင်း ရှစ်ရက်ကြာမြင့်မည်ဖြစ်သည်။ သင်တန်းကို အလုပ်ပျက်မပျက်စေရန် ညပိုင်း ၈ နာရီမှ ၉ နာရီခွဲအထိ Zoom Application မှတစ်ဆင့် Live Streaming စနစ်ဖြင့် သင်ကြားပို့ချသွားမည်ဖြစ်သည်။

ပညာအရည်အချင်း ကန့်သတ်ထားမှုမရှိဘဲ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး သင်တန်းတက်ရောက်မှု ၇၅ ရာခိုင်နှုန်းအထက်ရှိသူများကို သင်တန်းဆင်းလက်မှတ် (Certificate of Training) ပေးအပ်သွားမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများအနေဖြင့် မေ ၁၁ ရက် နောက်ဆုံးထား၍ အွန်လိုင်းမှတစ်ဆင့် လျှောက်ထားနိုင်ကြောင်း Myanmar Farmers' Academy မှ သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**(အောက်ပုံ)(မန္တလေးနေ့စဉ်-၈)**






# ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေး ဆိုင်ရာအရည်အသွေးမြှင့်(ဆင့်ပွား)ဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

**တောင်ကြီး မေ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမဆောင်၌ မေ ၂ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း) KG, Grade-1 သင်ပြနည်းစနစ်နှင့် မူကြိုသင်ပြနည်းစနစ် ချိတ်ဆက်ဆောင်ရွက်သော ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးဆိုင်ရာ အရည်အသွေးမြှင့်(ဆင့်ပွား)ဖွင့်ပွဲ အခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက အဖွင့်အမှာစကားပြောကြားရာမှာ မူကြိုပညာရေးမှာရှိတဲ့ ဖွံ့ဖြိုးမှုနယ်ပယ်ငါးရပ်ဖြစ်တဲ့ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု၊ အသိဉာဏ်ဆိုင်ရာဖွံ့ဖြိုးမှု၊ လူမှုရေးဆိုင်ရာဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားမှုဆိုင်ရာဖွံ့ဖြိုးမှုနှင့် စာရိတ္တဖွံ့ဖြိုးမှုတို့နှင့် KG ပညာရေးမှာရှိတဲ့ သင်ယူဖွံ့ဖြိုးမှုနယ်ပယ်(၆)ရပ်ဖြစ်တဲ့ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာမှု၊ စာရိတ္တ၊ မိတ္တနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ အပြန်အလှန်ပြောဆိုဆက်သွယ်မှု၊ သင်္ချာအခြေခံများကို စူးစမ်းလေ့လာမှု၊ အနုပညာရသခံစားမှုနှင့် ဖန်တီးမှု၊ ပတ်ဝန်းကျင်လောကကို သိရှိနားလည်မှုတို့ကို ချိတ်ဆက်ပြီး သင်ကြားပို့ချနိုင်ရေးဟာ အလွန်အင်မတန်မှ အရေးကြီးကြောင်း၊ ဒါကြောင့် KG နှင့် Grade 1 တက်ရောက်မည့် ကလေးတွေအတွက် အသက်အရွယ်နှင့်ကိုက်ညီတဲ့ သင်ကြားမှုစနစ်များ ဆောင်ရွက်ပေးရေး၊ ကလေးများ၏ အသက်အရွယ်အလိုက် ဖွံ့ဖြိုးမှုရရှိစေရန် စနစ်တကျ ပျိုးထောင်တတ်စေရေးတို့ကို ဆောင်ရွက်ပေးရမှာဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ယဉ်မင်းစုက KG, Grade-1 ဆရာ၊ ဆရာမများအတွက် KG, Grade-1 သင်ပြနည်းစနစ်နှင့် မူကြိုသင်ပြနည်းစနစ် ချိတ်ဆက်ဆောင်ရွက်နိုင်ရန်နှင့် ပတ်သက်သည့်အကြောင်းအရာများကို တင်ပြခဲ့ကြသည်။

အဆိုပါ သင်တန်းကို ရှမ်းပြည်နယ်ပညာရေးနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့မှ နည်းပြ ၁၂ ဦးတို့က သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမ ၁၅၀ ဦးတို့အား ဧပြီ ၂၇ ရက်မှ မေ ၉ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၅)**



# လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**ကျောက်ပန်းတောင်း မေ ၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲကို မေ ၂ ရက် နံနက် ၉ နာရီခွဲက ရွာလုကျေးရွာအုပ်စု ပေါက်သစ်ကျေးရွာ ဒေသခံပြည်သူတစ်ဦး၏ နေအိမ်တွင် ပြုလုပ်ခဲ့သည်။

အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်လုပ်ငန်းစဉ်အရ၊ ပေါက်သစ်ကျေးရွာတွင် ရွာလယ်ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်(FPTT)၊ ဦးနေလင်း (PR)တို့သည် ပေါက်သစ်ကျေးရွာ ရွာဦးကျောင်း ဆရာတော် ဘဒ္ဒန္တဥတ္တရနှင့် သံဃာတော်များ၊ ကျေးရွာ ရပ်မိရပ်ဖ ဦးအေးကြည်နှင့် ပြည်သူ ၅၀ ဦးတို့အား တွေ့ဆုံ၍ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထိုသို့ ပြောကြားရာတွင် လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်က လွှတ်တော်အတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ရွာလယ်မြေသားလမ်းမကြီးအား ကွန်ကရစ်လမ်းခင်းနိုင်ရေးဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းက အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်ဖြင့် ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ မိမိတို့ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သည့်အတွက် ကျေးရွာပြည်သူများအနေဖြင့်လည်း လိုအပ်သည့်နေရာမှ ပါဝင်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ရွာဦးကျောင်းဆရာတော်နှင့် ရပ်မိရပ်ဖများက အရှည် ပေ ၁၃၀၀ ခန့်ရှိ ရွာလယ်မြေသားလမ်းအား ကွင်းဆင်းကြည့်ရှုခဲ့ကြပြီး ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မေ ၁၀ ရက်တွင် လုပ်ငန်းစတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါ လမ်းအရှည် ၁၃၀၀ ပေ ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးရွာပြည်သူများ ပူးပေါင်းပါဝင်ခြင်းဖြင့် ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄၅၆)**

# မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ အသိပညာပေး၊ နွားများအား ကာကွယ်ဆေးထိုးနှံ

**မြစ်သား မေ ၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ရက်(၁၀၀) စီမံချက်ဖြင့် ကျေးရွာများသို့ သွားရောက်၍ နွားမွေးမြူသည့် တောင်သူများအား အသိပညာပေးဟောပြောခြင်း၊ ဒေသနွားနှင့် နို့စားနွားများအား ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ မေ ၁ ရက် နှင့် ၂ ရက်တို့တွင် နွားလျှာရိုးကျေးရွာ အုပ်စုနှင့် နွားကူးလေးကျေးရွာ အုပ်စုတို့တွင် ထိုးနှံပေးပြီးခဲ့သည်။

ထိုကဲ့သို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာတွင် မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာဇာနည်ဇော်နှင့်ဝန်ထမ်းများက ဒေသနွားနှင့် နို့စားနွားများတွင် ဖြစ်ပွားတတ်သောရောဂါများအကြောင်း အသိပညာပေးဆွေးနွေးဟောပြောခြင်းနှင့် ပထမရက် (၁၀၀) ကာလအတွင်း လည်ချောင်းကွဲ ကာကွယ်ဆေး ၁၂၀၀ ကောင်၊ ပေါင်ပုပ် လက်ပုပ် ကာကွယ်ဆေး ၄၃၀၀ ကောင်၊ ဒေါင့်သန်း ကာကွယ်ဆေး ၂၃၀၀ ကောင်တို့အား မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု စုစုပေါင်း ၁၄ အုပ်စုတို့၌ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိရာ နွားလျှာရိုးကျေးရွာအုပ်စုနှင့် နွားကူးလေးကျေးရွာအုပ်စုတို့တွင် နွားကောင်ရေ ၈၀၀ ထိုးနှံပေးနိုင်ခဲ့ပြီး ကျန်ရှိသော ကျေးရွာများသို့လည်း သွားရောက်ကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ။**



# ပုဂ္ဂလိကဆေးရုံများ၊ ကမ်းနားလမ်းသာယာရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းစည်းဝေး

**မုံရွာ မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မုံရွာမြို့ရှိ ပုဂ္ဂလိကဆေးရုံများ၊ ကမ်းနားလမ်းသာယာရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကို မေ ၂ရက်က မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

"ပုဂ္ဂလိကဆေးရုံများအနေနဲ့ ဆေးရုံအတွင်း၊ အပြင်နဲ့ ဆေးရုံပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်အောင် ဆောင်ရွက်သွားဖို့၊ ဆေးရုံသုံးစွန့်ပစ်ပစ္စည်းတွေကို သတ်မှတ်နေရာတွေကို စနစ်တကျ ထုပ်ပိုးစွန့်ပစ်သွားဖို့ မှာကြားလိုပါတယ်။ ဆေးရုံသုံးရေဆိုးတွေကို သန့်ရှင်းအောင် ဆောင်ရွက်ပြီး ပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် ဆောင်ရွက်သွားဖို့တွေကို ဆေးရုံ တာဝန်ရှိသူတွေက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြဖို့ လိုအပ်ပါတယ်။ ချင်းတွင်းမြစ်သန့်ရှင်းသာယာလှပစေရေးအတွက် မြို့နေပြည်သူတွေ၊ ဌာနဆိုင်ရာတွေ၊ မော်တော်တည်ဆောက်သူတွေနဲ့ မြစ်သဲ၊ ကျောက်လုပ်ငန်းရှင်တွေအနေနဲ့ပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင်ဆောင်ရွက်သွားဖို့၊ ကမ်းနားလမ်းအမြဲသန့်ရှင်းသပ်ရပ်စေရေးအတွက် အမှိုက်တွေစနစ်တကျစွန့်ပစ်သွားသွားကြဖို့ လိုအပ်ပါတယ်။ MSME လုပ်ငန်းရှင်တွေအနေနဲ့လည်း လုပ်ငန်းတွေပိုမို ဆောင်ရွက်နိုင်စေဖို့အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူတွေနဲ့ ပူးပေါင်းကာ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးက ပြောသည်။

အစည်းအဝေးသို့ တက်ရောက်လာကြသည့် မုံရွာမြို့ပေါ်ရှိ ပုဂ္ဂလိက ဆေးရုံများမှ တာဝန်ရှိသူများ၊ မြစ်သဲ၊ ကျောက်လုပ်ငန်းရှင်များ၊ ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ MSME လုပ်ငန်းရှင်များက မိမိတို့လုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများအား ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၃၉၄)



# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တွင် ရှေးဦးပြုစုခြင်းသင်တန်းဖွင့်လှစ်ပို့ချ

**မန္တလေး မေ ၃**

သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) အုပ်ချုပ်ရေးအဖွဲ့၏ တောင်းဆိုမှုဖြင့် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီတို့ ပူးပေါင်း၍ ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းကို မေ ၁ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းသို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)စတုတ္ထနှစ် သင်တန်းသားသံဃာတော် ၇၄ ပါး တက်ရောက်ကြပြီး အခြေခံရှေးဦးပြုစုခြင်း ဘာသာရပ်များကို မေ ၃ရက်အထိ ဆွေးနွေးသင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၀၄၅)

# ပြည်ပသို့ ပျားရည်မက်ထရစ်တန်ချိန် ၁၀၀၀ ကျော် တင်ပို့ခဲ့

ပြီးခဲ့သည့် ၂၀၂၅ -၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပသို့ ပျားရည်မက်ထရစ်တန်ချိန် ၁၀၀၀ ကျော် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ(၁ ဒသမ ၅၀၉) သန်းရရှိခဲ့ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပျားမွေးမြူရေးဖွံ့ဖြိုးရေးဌာနခွဲမှ သိရသည်။

ပြည်တွင်း၌ နှမ်းပျားရည်၊ ဆီးပျားရည်၊ ပန်းနှမ်းပျားရည်၊ နေကြာပျားရည်၊ ရာဘာပျားရည်၊ လိုင်ချီးပျားရည်နှင့် ပန်းပေါင်းစုံပျားရည်များကို ထုတ်လုပ်ခြင်းဖြစ်ပြီး ပြည်ပသို့ နှမ်းပျားရည်၊ ဆီးပျားရည်၊ ပန်းနှမ်းပျားရည်၊ နေကြာပျားရည်၊ ရာဘာပျားရည်၊ ငါးမျိုးကို တင်ပို့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် ပျားရည်တန်ချိန် ၇၀၀၀ ထွက်ရှိပြီး ပြည်ပတင်ပို့မှုအနေဖြင့် နှစ်စဉ်ပျမ်းမျှတန်ချိန် ၂၆၀၀ ရှိသည်။

ပျားရည်ကို ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်း၊ တရုတ်နှင့် ဆော်ဒီအာရေဗျနိုင်ငံများသို့ ပုံမှန်တင်ပို့နေပြီး ဂျပန်နိုင်ငံသို့ အများဆုံးတင်ပို့ကြောင်း သိရသည်။



(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)



# နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် ဆိုင်းဘုတ်စိုက်ထူခြင်းနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**စစ်ကိုင်း မေ ၃**

စစ်ကိုင်းမြို့နယ်တွင် နှစ်(၈၀) ပြည့်မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆိုင်းဘုတ်စိုက်ထူခြင်းနှင့် ဘုရား၊ စေတီ၊ ပုထိုးများတွင် ရေသပ္ပာယ်ခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ အလှူငွေများလှူဒါန်းခြင်းကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်မီးသတ်ရုံးရှေ့နှင့် မြို့ပေါ်ရပ်ကွက်များတွင် ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် ဆိုင်းဘုတ်အား မြို့နယ်မီးသတ်ရုံးရှေ့တွင် စိုက်ထူခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မြင့်ဟန်နှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မြင့်ဟန်နှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ကွက်ရှိ ထူပါရုံဘုရား ရင်ပြင်တော်တွင် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ရေသပ္ပာယ်ခြင်း၊ အလှူငွေများလှူဒါန်းခြင်းတို့သို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

နေလင်းအောင်(ပြန်/ဆက်)

# ရက်(၁၀၀) စီမံချက်ဖြင့် ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေး ကျေးရွာပြည်သူလူထုနှင့် တွေ့ဆုံ

**မင်းဘူး မေ ၃**

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေးအတွက် မြို့နယ်တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တွေ့ဆုံပွဲကို မေ ၂ ရက် မွန်းလွဲ ၂ နာရီက ကြာကန်ကျေးရွာအုပ်စု၊ ကြာကန်ကျေးရွာ ဓမ္မာရုံတွင် ပြုလုပ်ခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင်က အစိုးရသစ်လက်ထက် ရက်(၁၀၀) စီမံချက်ဖြင့် ကျေးရွာမြေငှားဂရန် ချထားပေးမည့် အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီးဌာန မြေစာရင်းဦးစီးမှူး ဦးဇင်ကိုအောင်က လမ်းမြေတိုင်းတာခြင်း၊ အိမ်ခြံမြေတိုင်းတာခြင်းလုပ်ငန်းများကို ဒေသခံပြည်သူများအား ရှင်းလင်းပြောကြားသည်။

အဆိုပါ ရက်(၁၀၀) စီမံချက်ဖြင့် မြေငှားဂရန်ချထားပေးမည့် တွေ့ဆုံပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ အတွင်းရေးမှူး ရဲမှူးလှိုင်ဝင်း၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးဇင်ကိုအောင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကြာကန်ကျေးရွာနှင့် ပေါက်ကုန်းကျေးရွာများမှ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(၅၀၄)

၀-၀-၀-၀-၀-၀

# မီးသတ်တပ်ဖွဲ့ဝင်များစုပေါင်း၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**ပြင်ဦးလွင် မေ ၃**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များက မေ ၅ရက်တွင် ကျရောက်မည့် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မေ ၂ရက် နံနက် ၇ နာရီက သမိုင်းဝင်မဟာရွှေမြင်တင်စေတီတော်မြတ်ကြီး၌ ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။




ထိုသို့ ဆောင်ရွက်ရာတွင် ပြင်ဦးလွင်မြို့၌ သီရိမ္ဗာသောက မင်းကြီးတည်ထားကိုးကွယ်ခဲ့သော သမိုင်းဝင် မဟာရွှေမြင်တင်စေတီတော်ကြီးတွင် ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းနှင့် မိသားစုစည်းကမ်းထိန်းသိမ်းရေးနှင့်စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်သူဇင်တို့မှဦးဆောင်၍ တပ်ဖွဲ့ဝင်များက စေတီတော်ပရိဝုဏ်အတွင်း သန့်ရှင်းရေးပြုလုပ်ကာ ပန်း၊ ရေချမ်း၊ ဆီမီးဆက်ကပ်လှူခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ (ဝဲပုံ) (၀၅၇)

# လှုပ်လှုပ်ရှားရှား စီးပွားကုန်စည်

## ပဲ၊ နှမ်းဈေးကွက်တွင် အသစ်ဝင်ပဲများ အရောင်းအဝယ်ကောင်းနေ



မန္တလေးပဲ၊ နှမ်းဈေးကွက်မှာ အသစ်ဝင်ပဲများ အဝင်နောက်ကျတာကြောင့် သင်္ကြန်ကာလနောက်ပိုင်းမှသာ အဝင်များအရောင်းအဝယ်ကောင်းနေကြောင်း ပဲကုန်သည်များထံမှ သိရသည်။

မန္တလေးဈေးကွက်အတွင်း အသစ်ဝင်ပဲများမှာ ဖေဖော်ဝါရီလကုန်ပိုင်းနှင့် မတ်လအတွင်း ပဲသစ်များ လှိုင်လှိုင်ဝင်လေ့ရှိသော်လည်း ယခုနှစ်တွင် ပဲသစ်များမှာ ဧပြီလဆန်းပိုင်းနှင့် လကုန်ပိုင်းရက်များတွင် နောက်ကျဝင်ရောက်လာခြင်းဖြစ်သည်။

ပြည်တွင်းပဲနှမ်းဈေးကွက်မှာ မေလဆန်းမှသာ အသစ်ဝင်ပဲများနှင့် အရောင်းအဝယ်ကောင်းနေကြောင်း၊ နိုင်ငံခြားငွေဈေးတည်ငြိမ်နေသလို ပို့ကုန်ပဲများမှာ ပဲစင်းငုံ တစ်အိတ်လျှင် ငွေကျပ် သုံးသိန်းအောက်တွင်သာ အရောင်းအဝယ်ရှိနေကြောင်း၊ အသစ်ဝင်ပဲများတွင် ပဲကြီးတစ်မျိုးသာ ပဲကြော်၊ ပဲလှော်သမားများ အဝယ်ကောင်းနေတာကြောင့် တစ်အိတ်လျှင် ငွေကျပ် ခြောက်သိန်းနီးပါးထိပေါက်ဈေးရှိနေကြောင်း ရွှေစင်သိန်းပွဲရုံ ပိုင်ရှင် ဦးကျော်သွင်က ပြောသည်။

"သင်္ကြန်ကာလ နောက်ပိုင်း ပဲနှမ်းဈေးကွက်အတွင်းပဲ အသစ်ဝင်ပဲများ ပိုမိုဝင်ရောက်လာပါတယ်။ ပြည်တွင်းသုံး ကုလားပဲ အုပ်စုကတော့ အသစ်ပေါ်ကတည်းက ဈေးငြိမ်နေပါတယ်။ ပို့ကုန်ပဲစင်းငုံနဲ့ မတ်ပဲများကလည်း ဒေါ်လာဈေးငြိမ်နေတော့ ဈေးတက်မလာဘူး။ အိန္ဒိယက လိုအပ်ချက်ကတော့ ရှိနေပါတယ်။ ဈေးကွက်ထဲ ပဲအသစ်အနေနဲ့ ပဲကြီးကတော့ ဈေးကောင်းအဝယ်သွက်နေပါတယ်။ ပဲကြော်သမားတွေ အဝယ်ကောင်းနေတာပါ။ ဒီနှစ် ပဲကြီးကလည်း အထွက်နည်းခဲ့ပါတယ်။ ကျွန်းစားတော်ပဲ (အလုံးသေး)အသစ်တွေကတော့ တစ်အိတ် ငွေကျပ် ၆ သိန်းကျော်ထိ ဈေးကောင်းရရှိနေပါတယ်။ ပဲဈေးကွက်မှာ အသစ်ဝင်ပဲတွေက အဝင်နောက်ကျတော့ လက်ရှိမှာ အသစ်ဝင်ပဲတွေနဲ့ ဈေးကွက်အရောင်းအဝယ်ကောင်းနေပါတယ်" ဟု ၄င်းက ပြောသည်။

မေ ၃ ရက်တွင် ပို့ကုန်ပဲများအားလုံး ဈေးတည်ငြိမ်နေလျက်ရှိရာ ပဲစင်းငုံ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၈၄၀၀၀၊ မတ်ပဲပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၈၆၀၀၀၊ ပဲတီစိမ်း(အညာ)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၀ အထိ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ အနည်းငယ် အတက်၊ အကျ ရှိသော်လည်း အရောင်းအဝယ်ပုံမှန်ရှိနေရာ V2 ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၅၀၀၀၊ V7 သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၅၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၄၀၀၀၊ 929 ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ မေ ၃ရက်တွင် ပဲကြီး တစ်အိတ်လျှင်ငွေကျပ် ၅၆၀၀၀၀-၅၇၀၀၀၀၊ ကျွန်းစားတော်ပဲ (အသေး)တစ်အိတ်လျှင် ငွေကျပ် ၆၂၀၀၀၀၊ ပဲနီပြား (ကျွန်း)တစ်အိတ်လျှင် ငွေကျပ် ၄၈၅၀၀၀၀၊ ပဲထောပတ်(သစ်)တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀၊ ပဲဇီးကွက် တစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀၊ စွန်တာပြာ တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

နှမ်းမျိုးစုံဈေးကွက်မှာ မေ ၃ ရက်တွင် နှမ်းနက် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၆၃၀၀၀၀၊ နှမ်းဖြူ(ဂျပန်)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၄၁၀၀၀၀၊ နှမ်းဖြူ(ဗမာ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၀၊ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၉၀၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၁၂၂၀၊ မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

**ရွှေမန်း**

* - * - * - *

* - * - * - * - * - *



## ပြည်တွင်းပြောင်းဈေး မြင့်တက်နေသော်လည်း ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့မှုလျော့ကျနေ

ပြည်တွင်းပြောင်းဈေးကွက်မှာ ပြောင်းဈေးမြင့်တက်နေသော်လည်းပြောင်းတင်ပို့မှုလျော့ကျနေကြောင်း ပြောင်းကုန်သည်များထံက သိရသည်။

ပြည်တွင်းပြောင်းတင်ပို့မှုမှာ ဖေဖော်ဝါရီလကတည်းက ထိုင်းနိုင်ငံသို့ ပြန်လည်တင်ပို့နေသော်လည်း လက်ရှိကာလတွင် ထိုင်းနိုင်ငံတွင် ပြောင်းတစ်ကီလို ငွေကျပ် ၂၀၀၀ ခန့် ပေါက်ဈေးရှိနေသော်လည်း သယ်ပို့စရိတ်မြင့်တက်နေရာ တင်ပို့မှုတွက်ခြေမကိုက်တာကြောင့် လျော့ကျနေခြင်းဖြစ်ကြောင်း ပြောင်းတင်ပို့သူများထံမှ သိရသည်။

"ထိုင်းနိုင်ငံမှာ ပြောင်းပေါက်ဈေးက တစ်ကီလို ငွေကျပ် ၂၀၀၀ ခန့် ပေါက်ဈေးရှိပါတယ်။ ပြည်တွင်းပေါက်ဈေးက တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀ ခန့် ပေါက်ဈေးရှိပါတယ်။ လက်ရှိမှာတော့ ပြောင်းဈေးကွက် အရောင်းအဝယ်အေးနေပါတယ်။ ပြောင်းတင်သဘောတွေ အသွားအလာနည်းနေပါတယ်။ လက်ရှိပြောင်းတင်ပို့မှုက ဈေးကျဆင်းမှုရှိနေတော့ တင်ပို့မှုလျော့ကျနေတာပါ"ဟု ၄င်းက ပြောသည်။

ထိုင်းနိုင်ငံသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် ပြောင်းတင်ပို့မှုကို ဖေဖော်ဝါရီလဆန်းပိုင်းကတည်းက ပြောင်းတင်ပို့လျက်ရှိရာ လက်ရှိအချိန်တွင် ပြောင်းတင်ပို့မှုလျော့လျက်ရှိသလို ပြောင်းစိုက်တောင်သူများအနေဖြင့်လည်း ပြောင်းအသစ် ပြန်လည်စိုက်ပျိုးချိန်နီးလာပြီဖြစ်သည်။

အဓိကကတော့ ပြောင်းတင်ပို့မှုမှာ ပြည်တွင်းမှာလည်း တောင်သူများလက်ထဲတွင် ပြောင်းလက်ကျန် မရှိတော့သလို သယ်ယူစရိတ်မြင့်တက်နေတာကြောင့် ပြောင်းဈေးကွက်မှာ ပြည်တွင်းမှ ပြည်ပသို့တင်ပို့မှု လျော့ကျနေခြင်း ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြောင်းစိုက်ဧက နှစ်သန်းကျော်ရှိပြီး ပြောင်းတန်ချိန် သုံးသန်းခန့် ထွက်ရှိရာ ပြည်တွင်းသုံးစွဲမှုအဖြစ် ပြောင်းတန်ချိန် တစ်သန်းခန့်သုံးပြီး ပိုလျှံပြောင်းများကို ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိရာ ထိုင်းနိုင်ငံသို့ အဓိကတင် ပို့ရောင်းချလျက်ရှိသည်။

လက်ရှိအချိန်တွင် ပြည်တွင်းမှ ပြောင်းများကို ရန်ကုန်သီလဝါဆိပ်ကမ်းမှ ထိုင်းနိုင်ငံ ရနောင်းဆိပ်ကမ်းသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

**ရွှေမန်း**

* - * - * - * - * - *

## နွေစပါးနှင့်အတူ ဈေးကွက်ဝင်သီးနှံများ ထည့်သွင်းစိုက်ပျိုးလာ

မန္တလေးတိုင်းဒေသကြီးအတွင်း နွေစပါးစိုက်ပျိုးရာဒေသများတွင် နွေစပါးအပြင်ဈေးကွက်ဝင် သီးနှံများဖြစ်သည့် နွေနှမ်းနှင့် မတ်ပဲသီးနှံကို ထည့်သွင်းစိုက်ပျိုးလာကြောင်း တောင်သူများထံက သိရသည်။

ပုသိမ်ကြီးဆည်ရေသောက်ဒေသများတွင် ယခုနှစ် ဆည်ရေပြည့်ဝစွာရရှိတာကြောင့် နွေစပါးကို အဓိကထားစိုက်ပျိုးကြသလို အချို့တောင်သူများက နွေစပါးစိုက်ဧကများတွင် အခြားဈေးကွက်ဝင်ပြီး ရေ၊ သွင်းအားစု သုံးစွဲမှုနည်းပါးသည့် သီးနှံများကို ထည့်သွင်းစိုက်ပျိုးလာကြောင်း ပုသိမ်ကြီးမြို့နယ် ခေမာဘယကျေးရွာ တောင်သူဦးချစ်ဝေက ပြောသည်။

"ဒီနှစ်ဆည်ရေကတော့ အပြည့်အဝရပေမယ့် ကုလားပဲ၊ နောက်ကြာစိုက်ခင်းတွေကို စောင့်ရလို့ ၁၄ ရက်လောက် နောက်ကျတယ်။ ဒီကွင်းမှာတော့ တစ်ဝက်လောက်က နွေစပါးအပြင် သွင်းအားစုသုံးစွဲမှုလျော့ကျတဲ့ နွေနှမ်း၊ မတ်ပဲကို ထည့်သွင်းစိုက်ပျိုးပါတယ်။ နွေစပါးစိုက်ပျိုးမှုက စိုက်ပျိုးစရိတ်များပါတယ်။ ဒီတော့ နွေစပါးနဲ့အတူ နွေနှမ်းကို တွဲစိုက်တော့ စိုက်ပျိုးစရိတ်လည်း သက်သာတယ်။ နှမ်းကလည်း ဈေးကောင်းတော့ တောင်သူတွေ ပိုအဆင်ပြေပါတယ်"ဟု ၄င်းက ပြောသည်။

နွေနှမ်းစိုက်ပျိုးမှုတွင် ရေသုံးစွဲမှုနည်းခြင်း၊ သွင်းအားစုထည့်သွင်းမှု နည်းခြင်းတို့ကြောင့် နွေနှမ်းကို ထည့်သွင်းစိုက်ပျိုးကြခြင်းဖြစ်သည်။

နွေစပါးစိုက်ပျိုးစရိတ်မှာ တစ်ဧကလျှင် မြေပြုပြင်စရိတ်၊ မျိုး၊ လုပ်သား၊ စရိတ်၊ သွင်းအားစရိတ်၊ ဆေးဖျန်းစရိတ်ထိ ငွေကျပ် ၇၀၀၀၀၀ ခန့်ကုန်ကျပြီး နွေနှမ်းမှာ တစ်ဧက ငွေကျပ် ၂၀၀၀၀၀ ခန့်သာ ကုန်ကျတာကြောင့် နွေစပါးတစ်ဝက်၊ နွေနှမ်းတစ်ဝက်စိုက်ထားကြောင်း သာလှအေးကျေးရွာမှ ကိုရဲက ပြောသည်။



နွေနှမ်းစိုက်ပျိုးရာတွင်လည်း နှမ်းနက်၊ နှမ်းဖြူ(ဂျပန်)၊ နှမ်းဖြူ(ဗမာ)၊ နှမ်းဝါ၊ နှမ်းညိုတို့ကို စိုက်ပျိုးကြခြင်းဖြစ်သည်။

မတ္တရာမြို့နယ်အတွင်းမှ တောင်သူများမှာ နွေစပါးနှင့်အတူ ကန်သင်းပေါင်တွင် တိုင်ထောင်ပဲ(ပဲတောင့်ရှည်)များ ထည့်သွင်းစိုက်ပျိုးကြကြောင်း သိရသည်။

**ရွှေမန်း**

## မီးသတ်ဦးစီးဌာနက နှစ်(၈၀)ပြည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဣစိတံဘုရားစေတီနှင့် ရင်ပြင်တော်အား စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ကျောက်ပန်းတောင်း မေ ၃**

မန္တလေးတိုင်းဒေသကြီး၊ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ် မီးသတ်ဦးစီးမှူးနှင့် ဝန်ထမ်းများ သည်၊ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံ



မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် မေ ၂ ရက် နံနက် ၇နာရီခွဲက အောင်မင်္ဂလာ ရပ်ကွက်၊ ကြွယ်ဝတောင်ကျေးရွာ အနီးရှိ ဣစိတံဘုရားစေတီလုံး ပတ်တော်အား ရေသပ္ပာယ်ခြင်း နှင့် ရင်ပြင်တော်သန့်ရှင်းရေးတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်း မြင့် ဦးဆောင်သည့် သန္နေမီး သတ်တပ်ဖွဲ့ဝင် ၁၈ ဦးနှင့် အရန် မီးသတ်တပ်ဖွဲ့ဝင်ခုနစ်ဦး စုစု ပေါင်း ၂၅ ဦးတို့သည်၊ မြန်မာ နိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ဣစိတံ ဘုရားလုံးပတ်တော်အား ရေ သပ္ပာယ်ခြင်း၊ ရင်ပြင်တော်၊ အာရုံခံတန်ဆောင်းများနှင့် ဘုရား ပတ်လမ်းတစ်လျှောက်တွင် အမှိုက် လှည်းကျင်းခြင်း၊ ရေဆေးကြော သန့်စင်ခြင်းများ ဆောင်ရွက် ခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြကာ အလှူ ငွေများ စုပေါင်းလှူဒါန်းခဲ့ကြ ကြောင်း သိရသည်။

(ဝံပုံ) (၄၅၆)

## ဒေသခံပြည်သူများအား ကျန်းမာရေး အသိပညာပေးခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**အောင်လံ မေ ၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ် အတွင်းရှိ မိဘပြည်သူများ ကူး စက်ရောဂါများဘေးမှ ကင်းဝေး စေရန်နှင့် ကျန်းမာရေး အသိ ပညာဗဟုသုတများ တိုးပွားလာ စေရန်ရည်ရွယ်၍ မြို့နယ်ကျန်း မာရေးဌာနမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၈ နာရီတွင် ဒေသခံပြည်သူများ ၏ နေအိမ်များသို့ ကွင်းဆင်းကာ ကျန်းမာရေးစောင့်ရှောက်မှု လုပ် ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက် ရာတွင် ကျန်းမာရေးဝန်ထမ်းများ က ခြင်အန္တရာယ်မှ ကင်းဝေးစေ ရန်နှင့် သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရန်အတွက် နေအိမ် များရှိ ရေတွင်း၊ ရေကန်နှင့် ရေ လှောင်ကန်များအတွင်းသို့ အဘိတ် (Abate)ဆေးခတ်ခြင်းလုပ်ငန်း များကို စနစ်တကျ ဆောင်ရွက် ပေးခြင်း၊ ရေလှောင်ကန်များ သန့် ရှင်းရေးပြုလုပ်ပုံနှင့် ပိုးလောက် လမ်းများ မပေါက်ဖွားအောင် ကာကွယ်ရမည့် နည်းလမ်းများကို ဒေသခံများ ကိုယ်တိုင်လိုက်နာ ဆောင်ရွက်နိုင်စေရန် လက်တွေ့ ပြသလမ်းညွှန်ပေးခြင်း၊ မိခင်နှင့် ကလေးငယ်များအတွက် လိုအပ် သော ကျန်းမာရေးစောင့်ရှောက်မှု များနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး ဆိုင်ရာ အသိပညာပေးမှုများကို လည်း အနီးကပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**အာကာ(ပြန်/ဆက်)**

၀-၀-၀-၀-၀



## စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားရေးရာ အသိပညာပေး ဟောပြောပွဲနှင့်ပြိုင်ပွဲများ ကျင်းပ

**ဥတ္တရသီရိ မေ ၃**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ ရွှေနံ့သာစာ ကြည့်တိုက်၌ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး၊ စာဖတ်ရှိန် မြှင့်တင်ရေး လှုပ်ရှားရေးရာ အသိ ပညာပေးဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများကို ယမန်နေ့ နံနက် ပိုင်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ဥတ္တရခရိုင် ပြန် ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက်ညွှန် ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းက ကျောင်းသား၊ ကျောင်းသူ လူငယ် လူရွယ်များအနေဖြင့် နွေရာသီ ကျောင်းပိတ်ရက်ကာလအတွင်း အချိန်ကို အကျိုးရှိစွာ အသုံးချ တတ်စေရန်၊ ဘက်စုံထူးချွန်သော လူရည်ချွန်၊ လူရည်မွန်များ ဖြစ် လာစေရန်နှင့် နောင်တစ်ချိန်တွင် နိုင်ငံတော်က အားထားရသည့် လူကောင်း၊ လူတော်များဖြစ်လာ စေရန်၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက် လာစေရန်ရည်ရွယ်၍ ကျင်းပ ရခြင်းဖြစ်ကြောင်း ပြောကြားပြီး လူငယ်နှင့်စာဖတ်ခြင်း ခေါင်းစဉ် ဖြင့် ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် ဖတ်မှတ်စွမ်း ရည်ပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဉာဏ်စမ်း ပဟေဠိပြိုင်ပွဲများကို ကျင်းပ ခဲ့ရာ ပြိုင်ပွဲအသီးသီးတွင် ပထမ ဆု၊ ဒုတိယဆု၊ တတိယဆု ရရှိ ကြသော ကျောင်းသား၊ကျောင်းသူ များကို လက်ထောက်ညွှန်ကြား ရေးမှူး ဒေါ်ဆွေဆွေဝင်းနှင့် ဦးစီး အရာရှိ ဒေါ်သန်းသန်းနွယ်တို့က ဆုများချီးမြှင့်ခဲ့သည်။



ထို့နောက် ဥတ္တရခရိုင် ပြန် ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခင်းကျင်းပြသထား သည့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးနံရံကပ်စာစောင် များနှင့် သုတ၊ ရသ စာအုပ်၊ စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက လေ့လာဖတ်ရှု ခဲ့ကြောင်း သိရသည်။ (ဝံပုံ)

**မြို့နယ်(ပြန်/ဆက်)**




ဖတ်စရာ၊ မှတ်စရာ စုံလင် ယနေ့မန္တလေး

## အောင်ပင်လယ်အလွမ်း

* အဲဒီညက
လရောင်ဝိုးတဝါးနဲ့
မိုးသားတွေလည်း ကင်းစင်လို့ပေါ့ ။

* ဟိုယခင်
"မင်းရှင်စော"နဲ့
လွမ်းမောဖွယ် လယ်ကောဒေသ
ခုတော့
မြို့ပြရပ်ဝန်း
ကားဟွန်းသံတွေဆူညံ
မာကြူရီမီးတွေ ဖိတ်လျှံလို့ ။

* သက်တမ်းရှည်
မန်းကျည်းပင်အိုကြီးတွေ
ညို့ညို့မှိုင်းမှိုင်း
ရွာဦးကျောင်း မဟာရံတံတိုင်းနဲ့
ဘာသာတရားကိုင်းရှိုင်း
ငါ့မြင်း၊ ငါစိုင်းမဟုတ်ခဲ့ ။

* နက်ဖြန်နံနက်
အရဏ်တက်အမီ
ကဗျာအိပ်မက်တွေကိုယ်စီနဲ့
"မြတဘက်ကျစေတီ" ဖူးမြော်ရင်း
ပြည်တော်ဝင်သီချင်းနဲ့အတူ --- ။

* ငါးရံ့မင်းတောင်
အောင်ပင်လယ်
ထန်းရွက်ပုတီး
ရွှေစာရံ
မြန်နန္ဒာ
လေသာပြတင်း
ချစ်ခြင်းမေတ္တာ ။

* နှစ်တစ်ရာမက
"ကိုးဆယ်ဆသာ"တဲ့ ။
အလွမ်းအကွာရာတွေနဲ့
စွဲမက်စရာ
ကဗျာသံတွေ ဝေစီ
နှစ်ပေါင်းရာချီ
ကမ္ဘာတည်ရစ်ပါစေတော့။ ။

(အောင်ပင်လယ်ရွာကဗျာရွတ်ပွဲ အမှတ်တရ)

**မောင်ဆွေသစ်(မန္တလေး)**

# ၂၀၂၆ ခုနှစ် တတိယအကြိမ်မြောက် ပရိယတ္တိနွေရာသီသင်တန်းဆင်းပွဲ ကျင်းပ



**မိုင်းကိုင် မေ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်၌ ၂၀၂၆ ခုနှစ် တတိယအကြိမ်မြောက် ပရိယတ္တိနွေရာသီသင်တန်းဆင်းပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့လယ်ဓမ္မာရုံ၌ ကျင်းပခဲ့ရာ ဆရာတော်၊ သံဃာတော်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများ၊ သင်တန်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စာချပုဂ္ဂိုလ်များ၊ ဆရာ၊ ဆရာမများနှင့် သင်တန်းသားရဟန်း၊ ရှင်သာမဏေများ တက်ရောက်သည်။

အခမ်းအနားတွင် မြို့နယ်ပရိယတ္တိ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ ဝမ်ကောင်းကျောင်းဆရာတော် ဘဒ္ဒန္တစာရိန္ဒက အဖွင့်ဩဝါဒစကားပြောကြားပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်၊ ဘဒ္ဒန္တကုမာရတေဇ၊ မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တစန္ဒာဝတို့က သင်တန်းနှုတ်ခွန်းဆက်စကားပြောကြားကာ တာဝန်ရှိ ဆရာတော်၊ သံဃာတော်များက သင်တန်း၏ စာချပုဂ္ဂိုလ်များ၊ ဆရာ၊ ဆရာမများ၊ ဝေယျာဝစ္စအဖွဲ့များ၊ စေတနာရှင်၊ အလှူရှင်များနှင့် သင်တန်းသား ရဟန်း၊ ရှင်သာမဏေများကို ဂုဏ်ပြုမှတ်တမ်းလွှာ၊ သင်တန်းဆင်းဂုဏ်ပြုလက်ဆောင်နှင့် သင်တန်းဆင်းအောင်လက်မှတ်များ အသီးသီး ချီးမြှင့်ကြသည်။

အဆိုပါ သင်တန်းသည် ပရိယတ္တိပညာရေးတွင် ထူးချွန်ထက်မြက်သည့် ရဟန်း၊ ရှင်သာမဏေများ၊ စာချပုဂ္ဂိုလ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်ကြားရေးဘာသာရပ်(၁၂)ခုဖြင့် သင်တန်းကာလ ၄၅ ရက်တာအတွင်း သင်တန်းသား ရဟန်း၊ ရှင်သာမဏေ စုစုပေါင်း ၄၀ ပါးတို့အား သင်ကြားပို့ချပေးနိုင်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)



# မိုင်းယောင်းမြို့၌ ပိဋကတ်သုံးပုံစာအုပ်လှူဒါန်းမှု အလှူမင်္ဂလာအခမ်းအနား ကျင်းပ

**မိုင်းယောင်း မေ ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် ထေရဝါဒဗုဒ္ဓသာသနာပြု(မိုင်းဟန်)ကျောင်း၌ ယမန်နေ့က ပိဋကတ်သုံးပုံစာအုပ်လှူဒါန်းမှု အလှူမင်္ဂလာအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေက ပိဋကတ်သုံးပုံစာအုပ်လှူဒါန်းမှုနှင့်ပတ်သက်၍ လျှောက်ထားပြီး ထေရဝါဒ ဗုဒ္ဓသာသနာပြု(မိုင်းဟန်)ကျောင်းဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇဋိလထံ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အလှူရှင်များက ပိဋကတ်စာအုပ်များ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘွန်းစီက အလှူရှင်မိသားစုများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ထေရဝါဒဗုဒ္ဓသာသနာပြု(မိုင်းဟန်)ကျောင်းဆရာတော်က ရေစက်ချအနုမောဒနာတရား ချီးမြှင့်တော်မူပြီး လှူဒါန်းမှုအတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

စိုင်းအောင်ဇော်လင်း

# မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်ရန်နှင့် ရွှေစင်ရွှေပြားများ ကပ်လှူရန်ငွေများ လှူဒါန်း

**မန္တလေး မေ ၃**

မန္တလေးလျှပ်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် မဟာမုနိဘုရားကြီး ပျက်စီးမှုများအား ရှေးမူမပျက် ပြုပြင်လျက်ရှိသည်။ မဟာမုနိဘုရားကြီး ရွှေကျောင်းတော်ကြီးအပေါ်ရှိ ထုပိကာတော်တွင် ရွှေစင်ရွှေပြားများ အသစ်ကပ်လှူပူဇော်မည်ဖြစ်သဖြင့် ရွှေချိန် တစ်ကျပ်သား ရှစ်ပဲသားရှိ ၉ လက်မပတ်လည်ရွှေစင်ရွှေပြား တစ်ချပ်လျှင် ငွေကျပ် သိန်း ၉၀ နှုန်းဖြင့် အလှူရှင် ကမ္ဘည်းထိုး၍ လှူဒါန်းနိုင်ရာ မေ ၁ ရက်က မန္တလေးမြို့နေ ဒေါ်တင်မ၊ ဒေါ်သင်းသင်း၊ ရန်ကြီးအောင်မိသားစုက မဟာမုနိဘုရား ဆုတောင်းပြည့်စေတီ စိန်ဖူးတော်နှင့် ထီးတော်အသစ်တင်လှူရန် ငွေကျပ် သိန်း ၅၀ ကိုလည်းကောင်း၊ ဟိုပုံးမြို့နေ ဦးမြလွင်+ဒေါ်ထွေးရီမိသားစုက ဘက်စုံပြုပြင်ရန် ငွေကျပ် သိန်း ၂၀ ကိုလည်းကောင်း၊ ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်နေ မဆုသျှားလှဲ့ဇော်က ငွေကျပ် ၁၀ သိန်းတို့ကိုလည်းကောင်း လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုလွှာပေးအပ်ခဲ့သည်။



မဟာမုနိဘုရားကြီးကျောင်းတော်ကြီး၊ ပြတိုက်များ၊ စောင်းတန်းနှင့် မုခ်ဦးပြာသာဒ်များ ဘက်စုံပြုပြင်ရန်လှူဒါန်းလိုပါက ဖုန်း-၀၉၄၄၄၀၄၄၄၇၅၊ ၀၉-၄၀၂၅၉၉၉၁၃၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)

# နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မူဆယ် မေ ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့တွင် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို မူဆယ်ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ခုတင်(၁၀၀)ဆံ့ မူဆယ်ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် မူဆယ်ခရိုင်မီးသတ်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနေဝင်းတိုး ဦးဆောင်၍ ခရိုင်နှင့်မြို့နယ်သန္နေမီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၂၀ ဦးနှင့်၊ မြို့ပေါ်(၉)ရပ်ကွက်မှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ ဦးတို့က နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းခြင်းနှင့် ဆေးရုံဝင်းအတွင်းနှင့် အပြင်ဘက်တို့တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ သွေးလှူဒါန်းနေသည့် မူဆယ်မြို့ အမျိုးသားသွေးလှူဘဏ်သို့ မူဆယ်ခရိုင် မီးသတ်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနေဝင်းတိုးနှင့် မြို့နယ်ဦးစီးမှူးတို့က သွားရောက်အားပေးခဲ့ကာ အာဟာရဖြည့် ကြက်ဥ၊ အချိုရည်နှင့် ရေသန့်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ယနေ့သွေးလှူဒါန်းမှုမှာ ၁၅ ဦး ဖြစ်ကြောင်းနှင့် ဆေးရုံတွင် တက်ရောက်၍ ဆေးကုသနေသူများနှင့် သန့်ရှင်းရေးဆောင်ရွက်နေသူများကို မီးသတ်ဦးစီးဌာနမှ ထမင်းဘူး ၁၅၀ ဘူး ဝေငှခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

မျက်စိလှူကြ
မျက်ကြည်ရ
မြတ်သည့်
လှူဒါန်း။



# နှစ်(၈၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

**တောင်ကြီး မေ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး၌ မေ ၂ ရက် နံနက် ၈ နာရီက နှစ်(၈၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပသည်။

အဆိုပါ သွေးလှူဒါန်းနေမှုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးနှင့် ပြည်နယ်ဝန်ကြီးများ၊ ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဇော်လင်းထွန်းနှင့်တာဝန်ရှိသူများ၊ အမျိုးသမီးနှင့်ကလေးဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်သိန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ပြီး သွေးလှူရှင်များအား အာဟာရပြည့် အစားအစာများ လှူဒါန်းခဲ့သည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲ၌ လှူဒါန်းသော သွေးအိတ်များအား အမျိုးသမီးနှင့်ကလေးဆေးရုံကြီးမှ ဒေါက်တာ ဘုန်းမိုးဝင်း တာဝန်ခံပါမောက္ခ (ဓာတ်ခွဲခန်း တာဝန်ခံ)နှင့် ဆရာမများက စစ်ဆေးလက်ခံယူခဲ့ပြီး ဆေးရုံအုပ်ကြီး ဒေါက်တာ မောင်မောင်သိန်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၅)

# မေတ္တာရွှေဘဝင် ပူးတွဲယှဉ်၍

ရှေးယခင် လွန်လေပြီးသော နှစ်ပေါင်းများစွာက ကမ္ဘာလောကကြီးတွင်ရှိ လူသားတို့သည် 'မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ' ဆိုသော ဗြဟ္မစိုရ်တရားများလက်ကိုင်ထားကာ ဖြောင့်မတ်မှန်ကန်သောသစ္စာတရားတို့ဖြင့် တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံ၍ နေထိုင်လာခဲ့ကြသည်။ 'အရှက် အကြောက်' ကမ္ဘာစောင့်တရား 'ဟိရီဩတ္တပ္ပ' များလည်း ရှိကြသည်။ တစ်ဦးနှင့်တစ်ဦး မေတ္တာနှင့်ယှဉ်သော စကားများကိုလည်း ဆိုကြသည်။ ထိုအချိန်အခါက ကိုယ်ကျင့်သီလများနှင့်လည်း ပြည့်စုံကြသည်ဖြစ်၍ လူသားကမ္ဘာကြီးတွင် ကပ်ဆိုး၊ ဘေးဆိုး၊ သဘာဝအန္တရာယ်ဆိုးများ ကင်းဝေးကာ အေးချမ်းသာယာ လှပ၍နေပေသည်။ ထို့နောက် အကျင့်သီလ ဆုတ်ယုတ်စပြုလာသော ခေတ်ကာလဘက်သို့ ယိမ်းယိုင်လာသည်နှင့်အမျှ လူ့ဘောင်လောကကြီးသည် ဗြဟ္မစိုရ်တရားများ ခေါင်းပါးလာကြသည်။ မေတ္တာစိတ်နှင့်ယှဉ်၍ ရိုင်းပင်းကူညီလိုသောစိတ်များ လျော့နည်းလာသည်။ ကိုယ်ကျင့်သီလတို့ တစ်စတစ်စ မှေးမှိန်လာကြသည်။ ထို့ကြောင့်လည်း ကမ္ဘာလောကကြီးသည် သာယာမှုကင်းကာ ချမ်းသာပျော်ရွှင်မှုအစား ဘေးဆိုး၊ ကပ်ဆိုး၊ အန္တရာယ်ဆိုးတို့ နေရာယူလာကာ လူသားတို့ကို အမျိုးမျိုးနှိပ်စက်လာကြသည်။ လူသားကမ္ဘာကို ဖျက်ဆီးလာမည့် ထိုဘေးအန္တရာယ်ဆိုးများမှ လွတ်ကင်းစေရန် ဗြဟ္မစိုရ်တရားနှင့်အညီ မေတ္တာနှင့်ယှဉ်သော စိတ်ဓာတ်လုပ်ရပ်တို့ဖြင့် တစ်ဦးပေါ်တစ်ဦး ချစ်ခင်ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံ၍ နေထိုင်သင့်လှပေသည်။

မေတ္တာရွှေဘဝင် ပူးတွဲယှဉ်၍ နေနိုင်ကြစေရန် တစ်ဦးပေါ်တစ်ဦး အကောင်းမြင်ဝါဒထားရှိဖို့လိုပေသည်။ လူ့ဘောင်လောကတွင် ပုထုဇဉ်လူသားမှန်သမျှ အပြစ်နှင့်မကင်းနိုင်ကြ။ အနည်းနှင့်အများ ချို့ယွင်းချက်များ ရှိနေတတ်သည်။ မည်သို့ပင် အသိပညာ၊ အတတ်ပညာ၊ ဂုဏ်အရှိန်အဝါနှင့် ရာထူးအာဏာရှိနေစေကာမူ အမှားအယွင်း အပြစ်အနာအဆာကင်းစင်သော ပုထုဇဉ်လူသားဟူ၍ ရှိလိမ့်မည်မဟုတ်ပါ။ လူသားတစ်ဦးချင်းစီတွင် အားကောင်းသောအချက်များရှိသလို အားနည်းသောအချက်များလည်း ရှိနေမည်သာ ဖြစ်ပါသည်။ အသိအလိမ္မာ၊ ဉာဏ်ပညာ၊ အကျင့်စာရိတ္တ၊ စွမ်းဆောင်နိုင်စွမ်း စသည်တို့ မတူညီနိုင်ပေ။ မတူညီသည်ကို တူညီအောင်ညှိ၍မရ။ ထို့ကြောင့် အချင်းချင်းနားလည်မှုကို အခြေခံကာ စာနာထောက်ထားမှုကို လက်ကိုင်ပြု၍ မေတ္တာနှင့်ယှဉ်သောအပြောအဆို၊ မေတ္တာနှင့်ယှဉ်သော အတွေးအခေါ်တို့ဖြင့် တွေးရှုဆင်ခြင်သုံးသပ်ကာ အရာရာသည်းခံ၍ အကောင်းမြင်သဘော လက်ကိုင်ထားရှိဖို့ လိုပါသည်။

ယနေ့ခေတ် လူ့ဘောင်လောကကြီးကို ရှုမြင်ကြည့်ရလျှင် အချို့သောသူများသည် ကိုယ်ကျင့်တရား အားနည်းလာသည်နှင့်အမျှ အရှက်၊ အကြောက်တရား ကင်းမဲ့လာကြသည်။ စာနာထောက်ထားမှုများကို မျက်ကွယ်ပြု၊ ဗြဟ္မစိုရ်တရားကိုသွေဖည်ကာ သူတစ်ပါး၏ အားနည်းချက်ကိုထောက်ခြင်း၊ နှိမ့်ချဖိနှိပ်ဆက်ဆံခြင်း၊ သူတစ်ပါး၏အပြစ်ကိုဖွင့်လှစ်၍ မကောင်းသတင်းအပုပ်ချဖြန့်ဝေခြင်းများ လုပ်ဆောင်လာကြသည်။ ထို့ကြောင့် ဤကမ္ဘာလောကကြီးသည် အကောင်းမြင်ဝါဒ မှေးမှိန်စပြုလာပေပြီ။

အမှန်ဆောင်ရွက်ရမည်မှာ သူတစ်ပါး၏ မကောင်းသောအပြစ်၊ ဆိုးညစ်သည့်လုပ်ရပ်တို့နှင့် တွေ့သိကြုံကြိုက်လာပါက 'တွေ့လျှင်တွေ့ကာမျှ၊ မြင်လျှင်မြင်ကာမျှ' စသည့်အပေါ်သာ စိတ်ကို အဆုံးသတ်စေပြီး နှလုံးဘဝင်အတွင်း သိမ်းဆည်းမထားမိဖို့ အထူးပင်လိုအပ်လှပေသည်။ ပုထုဇဉ်လူသားအများစု ဖြစ်တတ်သည်မှာ သူတစ်ပါး၏ 'အကောင်း' ကို မမြင်တတ်၊ မတွေ့တတ်ကြ။ မြင်တွေ့သည့်တိုင်အောင်လည်း အသိအမှတ်မပြုချင်ကြ။ သူတစ်ပါး၏ မကောင်းသည့် 'အဆိုးအပြစ်' ကိုမူ တွေ့တတ်၊ မြင်တတ်၊ အသိအမှတ်ပြုတတ်ကြသည်။ ထိုသို့ သူတစ်ပါးအဆိုးအပြစ်များကိုသာ ကြည့်မြင်၊ တွေးတော၊ ပြောဆိုမှုများလာသောအခါ ထိုသူ၏အပေါ် အထင်သေးလာသည်။ မကျေမနပ်ဖြစ်လာသည်။ မေတ္တာပျက်လာသည်။ ကရုဏာမထားနိုင်ကြ။ မုဒိတာမပွားနိုင်ကြ။ ထိုသူ၏ မကောင်းသောအမှု အပြစ်အနာအဆာများ မိမိ၏စိတ်ဘဝင်အတွင်း သွတ်သွင်းလိုက်မိသည့်အခါ မိမိ၏စိတ်သဏ္ဌာန်သည် ညစ်နွမ်းလာသည်။ ရှုပ်ထွေးလာသည်။ ပူလောင်လာသည်။ မိမိစိတ်ကို ကောင်းစွာမထားတတ်သဖြင့် သူတစ်ပါး၏အပြစ် မကောင်းမှုအပူမီးများ မိမိကို ကူးစက်လာမည်ဖြစ်သည်။ ဖြူစင်အေးချမ်းနေသော မိမိ၏အတွင်းစိတ်သည် အခြားသူကြောင့် အေးချမ်းသာယာမှု ပျက်လွင့်ရပြီဆိုလျှင် မိမိအတွက် များစွာမှနစ်နာဆုံးရှုံးပေသည်။

ထိုသို့မှမဟုတ်ပါဘဲ သူတစ်ပါး၏ လုပ်ရပ်အမှားများအပေါ် လျစ်လျူရှုကာ သူ၏ကောင်းသောလုပ်ရပ်များကိုသာ ရွေးချယ်ကြည့်ရှုဆင်ခြင်နေမည်ဆိုပါလျှင် ထိုသူ၏အပေါ် အလေးထားကာလေးစားလာမည်။ မေတ္တာသက်ဝင် ချစ်ခင်လာမည်။ သူတစ်ပါး၏လုပ်ရပ် ကောင်းမြတ်မှုအပေါ် အခြေပြုသည့် အကောင်းမြင်စိတ်ကြောင့် အေးမြသောမေတ္တာရေလျှဉ်စီးဝင်ကာ မိမိ၏စိတ်ဘဝင်သည်လည်း အေးမြကြည်လင်လာမည်။ ထိုသည့်အရာသည်ပင် 'နှလုံးသွင်းမှန်မှု' ဟု ခေါ်ဆိုရမည်ဖြစ်သည်။ 'နှစ်သက်စရာ ရွေးချယ်၍ရှာ မေတ္တာပါ။ ကျေနပ်စရာ ရွေးချယ်၍ရှာ မေတ္တာပါ'။ ထိုကဲ့သို့သော မေတ္တာနှင့်ယှဉ်သည့် 'သတိ' ထားရှိသင့်ပေသည်။ ထိုသို့နေထိုင်ခြင်းကိုပင် 'ဗြဟ္မာကြီးများနေထိုင်သကဲ့သို့' နေထိုင်ခြင်းမျိုးဖြစ်သည်ဟု ဆိုပါသည်။ မြတ်ဗုဒ္ဓနှင့်အရိယာသူတော်ကောင်းကြီးများ လိုက်နာကျင့်သုံးသည့် တရားလည်း ဖြစ်သည်။

အချို့သောသူများသည် မိမိနှင့်သက်ဆိုင်ခြင်းမရှိသည့် သူတစ်ပါးအကြောင်းအရာများကို စိတ်ဝင်စားတတ်ကြသည်။ မိမိစိတ်ဘဝင် ညစ်နွမ်းနောက်ကျိနေသည်ကို သတိမထား။ မိမိညံ့ဖျင်းမှုဟုလည်း မထင်မှတ်။ မိမိနှလုံးသွင်းမကောင်းမှုဟုလည်း မယူဆ။ မိမိစိတ်တွင် သတိတရားကင်းမဲ့နေသည်ဟုလည်း မတွေးထင်။ ထိုသို့ သူတစ်ပါးအကြောင်း မကောင်းသတင်း အပုပ်ချခြင်းများကို အရသာခံကာ မြိန်ရေရှက်ရေ ပြောဆိုဝေဖန်နေကြခြင်းသည် မိမိ၏အဆင့်အတန်းကို နှိမ့်ချနေခြင်းပင်ဖြစ်သည်။

လူ့လောကတွင် ကျင်လည်နေထိုင်ရစဉ် အခိုက်အတန့်လေးတွင် မိမိစိတ်နှလုံး ကြည်လင်ချမ်းမြေ့စွာ နေထိုင်ရပါမှ လူဖြစ်ရကျိုးနပ်ပေမည်။ စည်းစိမ်ဥစ္စာ၊ ရာထူးအာဏာ၊ ဂုဏ်ပါဝါတို့ မည်မျှပင် ပြည့်စုံကြွယ်ဝနေပါစေ၊ စိတ်အညစ်အကြေးများနှင့် ပူပင်သောက၊ ဗျာပါဒနှင့် စိတ်နှလုံးချမ်းမြေ့မှုမရှိပါလျှင် လူဖြစ်ရကျိုးနပ်မည်မထင်ပါ။ ထို့ကြောင့် မကောင်းသည့် စိတ်၏အမှိုက်အရှုပ် အသိုးအပုပ်တွေကို မိမိစိတ်ဘဝင်မှ ရှင်းထုတ်ရမည်ဖြစ်သည်။ ဥယျာဉ်မှူးသည် ဥယျာဉ်နှင့်မသက်ဆိုင်သည့် အမှိုက်သရိုက်နှင့် ချုံနွယ်ပိတ်ပေါင်းတို့ ရောယှက်ရှုပ်ပွ၊ ညစ်ပတ်မနေအောင် အမြဲရှင်းလင်းပေးနေရသလို မိမိ၏စိတ်အတွင်း ဧည့်စာရင်းမတိုင်ဘဲ ဝင်ရောက်နှောင့်ယှက်နေသော မကောင်းသည့်အကျင့်စရိုက် ပေါင်းမြက်မိုက်တွေကို 'သတိ' မပြတ် စောင့်ကြပ်ကြည့်ရှု၍ ကောင်းမြတ်သည့်စိတ်ဘဝင်ကို မေတ္တာနှင့်ယှဉ်၍ ပြုပြင်ထိန်းသိမ်းရမည်ဖြစ်သည်။ သို့မှသာ စိတ်နှလုံးအိမ်အတွင်း ရှုပ်ထွေးမှုကင်း၍ သန့်ရှင်းကြည်လင်ကာ စိတ်အေးချမ်းသာလာမည် ဖြစ်ပေသည်။ ဖြစ်ပေါ်လာသမျှ ကိစ္စအဝဝအမှားအမှန်ကိုလည်း ဝေဖန်သုံးသပ် ဆုံးဖြတ်နိုင်မည်လည်း ဖြစ်သည်။

လူတို့သည် အပေါ်ယံရုပ်ရည်ကိုသာ လှပအောင်ပြုပြင်ကြသည်။ အတွင်းစိတ်ဘဝင် သတိနှင့်ယှဉ်၍ စောင့်ရှောက်ပြုပြင်ဖို့ မေ့နေတတ်ကြသည်။ နှလုံးသားအလှ ကျက်သရေရှိလာအောင် မေတ္တာနှင့်လိမ်းခြယ်ကာ နှလုံးသွင်းမှန်မှုဆိုသော ခြံပဝါ ညီညွတ်စွာ ဘယ်ညာချ၍ လှပအောင် ဆင်ယင်တတ်ကြရမည်ဖြစ်သည်။ မိမိပိုင်ဆိုင်ရာ အရာအားလုံးတို့တွင် မိမိတို့၏စိတ်နှလုံးဘဝင်သည် တန်ဖိုးအကြီးမားဆုံး၊ အမွန်မြတ်ဆုံး၊ အရေးပါအရာရောက်ဆုံးဖြစ်သည်။ ထို့ကြောင့် သန့်ရှင်းကြည်လင်အေးချမ်းဖို့လိုသည်။ ငြိမ်းချမ်းဖို့လိုသည်။ စိတ်ကောင်းနှလုံးကောင်းထား၍ မိမိ၏ ကျန်းမာရေးကို ဂရုစိုက်တတ်ဖို့ အထူးပင်လိုအပ်ပေသည်။

သူတစ်ပါးနှင့် ပေါင်းသင်းဆက်ဆံရာတွင် မကောင်းသောစိတ် မနောကံအပြစ်တို့ကင်းစင်စေရမည့်အပြင် ဝစီကံမကောင်းမှုများလည်း မလွန်ကျူးအောင် ထိန်းသိမ်းကြရပါမည်။ ထိုသို့ မိမိစိတ်ကို တည်ကြည်သန့်ရှင်းအောင်ထားခြင်းသည် သူတစ်ပါးအပေါ် စောင့်ရှောက်ရာရောက်သလို မိမိကိုယ်ကိုလည်း စောင့်ရှောက်ပြီးဖြစ်ပေသည်။ ယခုခေတ်အခါ လူ့ဘဝ၏တန်ဖိုး၊ လူတို့၏အဆင့်အတန်းသတ်မှတ်ကြရာ၌ လောကီပညာ၊ လောကီရတနာ၊ ရာထူးအာဏာတို့ ပြည့်စုံမှု၊ မပြည့်စုံမှုအပေါ် ကြည့်ရှုခွဲခြား၍ သတ်မှတ်ကြသည်။ ဗုဒ္ဓသာသနာတော်မှာ ဤသို့မဟုတ်။ ကိုယ်ကျင့်တရားဖြင့်သာ သတ်မှတ်သည်။ တစ်နည်းပြောရလျှင် သူတစ်ပါး၏အပေါ်မှာထားရှိသည့် စိတ်သဘောထား၊ အကောင်းမြင်ဝါဒ၊ မေတ္တာတရား၊ ကိုယ်ချင်းစာတရား၊ မြင့်မြတ်သည့်စိတ်ထားများနှင့်သာ လူတို့အဆင့်အတန်းကို သတ်မှတ်ပါသည်။

ဗုဒ္ဓဘုရားရှင်က မြင့်မြတ်စိတ်ထားရှိသူများသာ မြင့်မြတ်သောဘုံဘဝ ရောက်ရှိနိုင်ပါသည်ဟု ဟောကြားထားပါသည်။ ထို့အတူ ယောဆရာတော်ဘုရားကြီးကလည်း 'မြင့်မြတ်စိတ်ဘဝင်ရှိသူပင် ထက်ခွင်ရောက်မည်သာ။ ကိုယ့်ကုသိုလ်က ကိုယ့်ဘဝ မုချမြင့်တင်မှာ' ဟု ဟောကြားထားပါသည်။ ကုသိုလ်သည် ငွေလည်းမလို၊ နေရာလည်းမလို၊ အချိန်လည်းမလို 'သတိ' သာလိုသည်။ သတိတရားသည် အဓိကအရေးကြီးလှပေသည်။ ထို့ကြောင့် ဆရာတော်ကြီးက ထပ်မံမိန့်တော်မူသည်မှာ 'သတိကင်းစိတ် ကာမစိတ်နှင့်၊ အိပ်ရုံစားရုံ ရှာဖွေရုံနှင့်၊ လူ့ဘုံခန်းဝါ သင်မလာနှင့်၊ ကာမသက်သက် ထိုလုပ်ကွက်ကား ငှက်ဖြစ်လည်းရ၊ ဝက်လည်းရ၏။ လောကလူ့ရွာ သင်ရောက်ရာဝယ်၊ လူမှာလူကျင့်၊ လူ့အဆင့် ကျင့်အပ်လှသည်သာ' ဟု မိန့်တော်မူပါသည်။ ထို့ကြောင့် သူတစ်ပါးအပေါ် မကောင်းမှု မပြုမိစေရန်၊ မကောင်းသတင်း အတင်းအဖျင်း မပြောမိစေရန် သတိတရား လက်ကိုင်ထား၍ မြင့်မြတ်သောဘဝင် မေတ္တာနှင့်ယှဉ်၍ ပေါင်းသင်းဆက်ဆံကြရမည်ဖြစ်ပေသည်။

အချုပ်အားဖြင့် လောကလူ့ရွာ ရောက်ရှိလာစဉ် ဘဝတာတစ်ခဏနေကြရသည့် အခိုက်အတန့် ကာလလေးမှာ ကောင်းမြတ်သောအပြော၊ ကောင်းမြတ်သော မနော၊ မွန်မြတ်သည့် စေတနာစိတ်ထားလုပ်ဆောင်ချက်များနှင့် မိမိဘဝမြှင့်တင်ကြရာတွင် အမြင်ဝေဝါး မထွေပြားဘဲ မေတ္တာရွှေဘဝင်ပူးတွဲယှဉ်၍ အစဉ်နှီးကြား သတိထားကာ တစ်ဦးပေါ်တစ်ဦး မေတ္တာတရား လက်ကိုင်ထား၍ ဆက်ဆံနေထိုင်သွားကြဖို့ အထူးလိုအပ်ပါကြောင်း စေတနာကောင်းဖြင့် ရေးသားလိုက်ရပါသည်။

**ပန်းသပြေ(မန်းမြေ)**

## ပျားမွေးမြူရေး ပညာပေးသင်တန်းဖွင့်လှစ်

**နေပြည်တော် မေ ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ်တွင် ပျားမွေးမြူရေး ပြည်သူ့ပညာပေးသင်တန်းကို ယမန်နေ့နံနက်ပိုင်းက အေးမြင့်သာယာကျေးရွာ အေးချမ်းသာယာခန်းမတွင် ကျင်းပသည်။

သင်တန်းတွင် နေပြည်တော် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဒေါက်တာထွေးကိုကိုက ဆီထွက်သီးနှံနှင့် အခြားသီးနှံများ အထွက်တိုးစေရန် ဝတ်မှုန်ကူးဝန်ဆောင်မှုကို တိုးမြှင့်ဆောင်ရွက်ရန်၊ ပျားများကိုစနစ်တကျ မွေးမြူတတ်စေရန်နှင့် ပျားရည်နှင့် ပျားထွက်ပစ္စည်းများကို စနစ်တကျထုတ်လုပ်နိုင်ရန် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူများ စနစ်တကျသင်ကြား၍ ဆီထွက်သီးနှံများ တိုးတက်ထုတ်လုပ်ရာတွင် ပါဝင်ဆောင်ရွက်ကြပြီး ပျားမွေးမြူရေးနည်းပညာများအား တောင်သူများကို ပြန်လည်ဖြန့်ဝေပေးရန် အဖွင့်အမှာစကားပြောကြားပြီး ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးမောင်တင့်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ သင်တန်းသား၊ သင်တန်းသူများနှင့် စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ပျားမွေးမြူရေး ပြည်သူ့ပညာပေးသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးအား သင်တန်းနည်းပြ လေးဦးဖြင့် ငါးရက်ကြာသင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။



**(အပေါ်ပုံ)မြို့နယ်(ပြန်/ဆက်)**

# ဖောင်းပြင်မြို့တွင် ဒေသဖွံ့ဖြိုးရေး အသိပညာပေးဟောပြောပွဲနှင့် နိုင်ငံသားကတ်များ ကွင်းဆင်းဆောင်ရွက်



**ဖောင်းပြင် မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ ငွေးခါးကျေးရွာတွင် ဒေသဖွံ့ဖြိုးရေးအသိပညာပေး ဟောပြောပွဲကို မေ ၂ ရက် နံနက် ၁၁ နာရီခွဲက ကျေးရွာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ဆောင်ရွက်ခဲ့သည်။

ဒေသဖွံ့ဖြိုးရေးအသိပညာပေး ဟောပြောပွဲတွင် ဖောင်းပြင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ရဲမှူး ကျော်စိုးထွန်းက အဖွင့်အမှာစကား ပြောကြားပြီး အမှတ်(၁)တိုင်း ဒေသလွှတ်တော်ကိုယ်စားလှယ် ဦးတင်မင်းထွဋ်နှင့် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းဇော်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချစ်ဝင်းက စိုက်ပျိုးရေးဆိုင်ရာများ၊ မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမင်းထွန်းက လယ်ယာမြေဆိုင်ရာ သိကောင်းစရာများ၊ မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဝင်းက စိုက်ပျိုးစရိတ်ချေးငွေများနှင့်ပတ်သက်၍ သိကောင်းစရာများ၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဒုတိယ ဦးစီးမှူး ဦးဝေလင်းထွန်းက ကျွဲနွားမွေးမြူရေးနှင့် ဖြစ်ပွားတတ်သောရောဂါများ၊ ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လင်းအောင်က လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေး စာပေဖတ်ရှုခြင်းဆိုင်ရာ သိကောင်းစရာများအကြောင်းကို ကဏ္ဍအလိုက် အသီးသီး ဟောပြောဆွေးနွေးခဲ့ကြသည်။

အသိပညာပေး ဟောပြောပွဲတွင် အမှတ်(၁)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ၊ မြို့နယ်ခေတ္တအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် အထက်ငှက်ပျောတောကျေးရွာ၊ မူလတန်းကျောင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း မရရှိသေးသော ပြည်သူများကို ကျေးရွာအရောက်လာရောက်ဆောင်ရွက်ပေးခြင်းကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိုင်ငံသားစိစစ်ရေးကတ်များကို ပြည်သူများအား နေ့ချင်းပြီး လက်ဝယ်အရောက် ထုတ်ပေးခဲ့သည်။ ဖောင်းပြင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၃၉၄)



# ရာသက်ပန် ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး မေ ၃**

နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက ရာသက်ပန်ဆွမ်း ပဒေသာပင်အတွက် အလှူငွေ ပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိကဆရာတော်များနှင့် သံဃာတော်များအား အရဏ်ဆွမ်းဆက်ကပ်ကာ သံဃာတော်များအား တစ်ပါးချင်းစီ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝ (ဓမ္မာစရိယ၊B.A)က ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချ အနုမောဒနာတရား ဟောကြားချီးမြှင့်ပြီး (ဖခင်)ဦးဝင်းစိန်၊ (ဖခင်)ဦးသန့်၊ (မိခင်)ဒေါ်ချစ်ချစ်၊ (အဒေါ်)ဒေါ်ခင်စီတို့အား ရည်စူး၍ မန္တလေးမြို့နေ အလှူရှင် ဦးဝင်းအောင်+ဒေါ်မြင့်မြင့်ခင် မိသားစုက ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် ၆၄ သိန်း၊ ဖြည့်စွက်လှူဒါန်းငွေကျပ် သိန်း ၂၀၊ စုစုပေါင်းငွေကျပ် ၈၄ သိန်းကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာ မှ္ဗကအဖွဲ့တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

PNT

# နွေရာသီ အင်္ဂလိပ်စကားပြောသင်တန်း အခမဲ့ ဖွင့်လှစ်သင်ကြားပေး

**ပခုက္ကူ မေ ၃**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၁)ရပ်ကွက်ရှိ For Life ဘုန်းတော်ကြီးကျောင်း၌ နွေရာသီအင်္ဂလိပ်စကားပြောသင်တန်းကို မတ်လမှစတင်ပြီး အခမဲ့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။



နွေရာသီအားလပ်ရက်များကို အကျိုးရှိရှိ အသုံးချလိုသော ကျောင်းသား၊ ကျောင်းသူများနှင့် အင်္ဂလိပ်စာ အမှန်တကယ် တတ်မြောက်လိုသော ပြည်သူများ တက်ရောက်ကြပြီး Listening Skill, Speaking skill, Writing skill, Reading Skill စသည့် ဘာသာရပ်များကို အတန်းအမျိုးအစားအလိုက် စနစ်တကျ သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း၊ ယခုနှစ်တွင် Grade-2မှ Grade-7 အထိ(အငယ်တန်း)တွင် ၂၈၀ ဦးနှင့် Grade-8 မှ အဆင့်မြင့်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူအထိ(အကြီးတန်း)တွင် ၇၅ ဦး လက်ခံထားပြီး Junior Reading, Basic Level, Intermediate Level, Senior Reading စသည်ဖြင့် အတန်းများ သတ်မှတ်၍ သင်ကြားပေးလျက်ရှိကြောင်း၊ မေ ၁၆ ရက်တွင် အင်္ဂလိပ်စကားပြောစွမ်းရည်ပြိုင်ပွဲနှင့် မေ ၁၇ ရက်တွင် ဆုချီးမြှင့်ပွဲနှင့် သင်တန်းဆင်းပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း၊ နွေရာသီ အင်္ဂလိပ်စကားပြောသင်တန်းကို ၂၀၁၀ ပြည့်နှစ်မှ စတင်၍ သင်ကြားပေးခဲ့ရာ အင်္ဂလိပ်စာကျွမ်းကျင်မှုကြောင့် ပြည်ပနိုင်ငံများတွင် အလုပ်အကိုင် အခွင့်အလမ်းရရှိသူ ၁၀၀ နီးပါးခန့်ရှိပြီး အခြေခံပညာကျောင်းများနှင့် အဆင့်မြင့်တက္ကသိုလ်များတွင် ဝင်ရောက်လုပ်ကိုင်သူ ၂၀ ဦး ခန့်ရှိကြောင်း၊ ယနေ့အထိ သင်တန်းသား၊သင်တန်းသူ သုံးသောင်းကျော်အထိ မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တခေမာစာရထံက သိရသည်။

(အပေါ်ပုံ) (၃၄၀)

# ပွင့်ဖြူမြို့နယ်၌ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု

**ပွင့်ဖြူ မေ ၃**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် မီးသတ်ဦးစီးဌာနက ၂၀၂၆ ခုနှစ် မေ ၅ ရက်တွင် ကျရောက်မည့် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့ နံနက် ၇ နာရီခွဲက တပ်ဖွဲ့နေ့ဆိုင်းဘုတ်စိုက်ထူခြင်းနှင့် ပြည်သူ့အကျိုးပြုစုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် မီးသတ်ဦးစီးမှူး ဦးရဲလင်းနောင်နှင့် သန္နေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် မြို့နယ်မီးသတ်ဦးစီးမှူးရုံးရှေ့တွင် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တပ်ဖွဲ့နေ့ ဗီနိုင်းဆိုင်းဘုတ်အား အမွှေးနံ့သာရည်များ ပက်ဖျန်းကာ စုပေါင်းစိုက်ထူ ဆောင်ရွက်ခဲ့ကြသည်။



ထို့နောက် ပွင့်ဖြူမြို့နယ် မီးသတ်ဦးစီးမှူး ဦးရဲလင်းနောင် ဦးဆောင်သော သန္နေအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်မိသားစုများသည် ပွင့်ဖြူမြို့၊ သက်တော်ရှည်ရပ်ကွက်ရှိ သစ္စာမဏ္ဍိုင်ဆုတောင်းပြည့်ရွှေဘုံသာစေတီတော်မြတ်ကြီးသို့ သွားရောက်ပြီး စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်များကို ရောင်တော်ဖွင့် ရေသပ္ပာယ်ပူဇော်ခြင်း၊ ရင်ပြင်တော်အား ရေဖြင့် ဆေးကြောခြင်း၊ စေတီတော်ပတ်ဝန်းကျင် တံမြက်စည်းလှည်းသန့်ရှင်းရေး ပြုလုပ်ခြင်းတို့ကို အများပြည်သူ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် တပျော်တပါး စုပေါင်းသန့်ရှင်းရေး ပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ကုသိုလ်ပြုလုပ်ငန်းများ ဆောင်ရွက်အပြီးတွင် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က စေတီတော်မြတ်ကြီးအား ဦးခိုက်ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကာ နိုင်ငံသူ၊ နိုင်ငံသားများ စိတ်နှလုံးချမ်းမြေ့စေရန် ဆုတောင်းမေတ္တာများ ပို့သခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၄၄၅)

# နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**ညောင်ဦး မေ ၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်းပြီး နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့ နံနက် ၉ နာရီက ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်း သွေးလှူဒါန်းပွဲ အခမ်းအနား ကျင်းပသည်။

အဆိုပါ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲသို့ ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းညိုနှင့် အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးနှင့် ဌာနဆိုင်ရာများ၊ ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်တင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးမင်းသိမ်းထွန်းနှင့် ခရိုင်၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြပြီး ခရိုင်မီးသတ်တပ်ဖွဲ့ခြောက်ဦး၊ မြို့နယ်မီးသတ်တပ်ဖွဲ့ကိုးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ငါးဦး၊ စုစုပေါင်း သန္နေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀ ဦးတို့က နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပေးခဲ့သည်။

ထို့နောက် စုပေါင်းသွေးလှူဒါန်းပေးခဲ့ကြသည့် သန္နေ၊အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀ ဦးကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အားဆေးကတ်များ၊ ခွန်အားပြည့် အစားအစာများနှင့် ချီးမြှင့်ငွေများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# ဆိုလာနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပေါင်းစပ်လာခြင်း

ကိုစုံ(ပုသိမ်)

အနာဂတ်စွမ်းအင်ဆိုသည်မှာ လယ်ယာမြေနှင့် စွမ်းအင်ထုတ်လုပ်မှု နှစ်ခုထဲမှ တစ်ခုကို ရွေးချယ်ရမည် မဟုတ်တော့ဘဲ နှစ်ခုစလုံးကို ပေါင်းစပ်၍ရမည့် အရာသာဖြစ်ပါသည်။ ယနေ့သည် သဘာဝတရားနှင့် ဟန်ချက်ညီရန် အလွန်အရေးကြီးသော အချိန်ကာလသို့ ရောက်ရှိနေပြီလည်း ဖြစ်ပါသည်။ နေရောင်ခြည်စွမ်းအင်စက်ရုံ (Solar plant) တစ်ခု၏အနီးတွင် သိုးအကောင် ၄၀ ကို လွှတ်ပြီး ကျောင်းကြည့်လိုက်သည့်အခါ အလွန် စိတ်ဝင်စားစရာကောင်းသည့် ရလဒ်များ ထွက်ပေါ်လာခဲ့သည်။

ယူကေနိုင်ငံတောင်ပိုင်းမှ ဝက်စ်မေးလ် နေရောင်ခြည်စွမ်းအင်စက်ရုံ (Westmill Solar Park) သည် စွမ်းအင်လောကကို တော်လှန်ပြောင်းလဲနေပါသည်။ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အသစ်များ ထုတ်လုပ်ရန်အတွက် စိုက်ပျိုးမြေများကို စွန့်လွှတ်စရာ မလိုပါဆိုသည်ကို သက်သေပြလိုက်ခြင်းလည်း ဖြစ်ပါသည်။

အဆိုပါ စက်ရုံသည် ဒေသခံများ ပိုင်ဆိုင်သည့် စက်ရုံဖြစ်ပြီး လေအားနှင့် နေရောင်ခြည်စွမ်းအင်နှစ်မျိုးလုံးကို ထုတ်လုပ်နေခြင်း ဖြစ်ပါသည်။ စတင်တည်ဆောက်စဉ် ကတည်းက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အဓိကထားပြီး တည်ဆောက်ခဲ့ခြင်းလည်း ဖြစ်ပါသည်။ ဆိုလာပြားများ တပ်ဆင်ပြီးသည်နှင့်တစ်ပြိုင်နက် ဒေသခံများသည် အပင်မျိုးစေ့များကို လူကိုယ်တိုင် ကြဲပက်စိုက်ပျိုးခဲ့ကြပါသည်။

နှစ်ပေါင်း ၃၀ စာခန့် သဘာဝစိုက်ပျိုးရေး အတွေ့အကြုံများကို အသုံးချပြီး ဖန်တီးခဲ့ကြ၍ ယခုအခါ အဆိုပါနေရာလေးသည် အကျိုးပြု ဘက်တီးရီးယားများ၊ မှိုနှင့်ပျားများ၊ လိပ်ပြာများအတွက် ခိုလှုံရာ ဘေးမဲ့တောလေးတစ်ခု ဖြစ်လာနေပြီလည်း ဖြစ်ပါသည်။ ထို့နောက် သိုးလေးများကို ခေါ်လာခဲ့ပါသည်။ ထိုသို့ဖြင့် စိုက်ပျိုးမွေးမြူရေး လွင်ပြင်တစ်ခုဖြစ်လာခဲ့ပြီလည်း ဖြစ်ပါသည်။

နေရောင်ခြည်စွမ်းအင်စက်ရုံများသည် သဘာဝဘေးမဲ့တောများအဖြစ် ရပ်တည်နိုင်သည်ဆိုသည်ကို ယခုဖြစ်စဉ်က သက်သေပြနေသည်။ ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်နိုင်သည့် ပတ်ဝန်းကျင်တစ်ခုဖြစ်ဖို့ အပင်များ စိုက်နေရုံနှင့် မလုံလောက်ပြန်ပါ။ အပင်တစ်မျိုးတည်းက နေရာအကုန်ယူမသွားအောင် ထိန်းသိမ်းပေးရန်လည်း လိုအပ်ပါသည်။

ပုံမှန်ဆိုလျှင် ပေါင်းသတ်ဆေးများ သုံးခြင်း၊ စက်နှင့် မြက်ရိတ်ခြင်းများ လုပ်ရပါသည်။ အဆိုပါ နည်းလမ်းများက တောရိုင်းတိရစ္ဆာန်လေးများနှင့် မြေဆီလွှာကို ထိခိုက်စေပါသည်။ ထို့ကြောင့် စက်ရုံတာဝန်ရှိသူများက သဘာဝအတိုင်း ထိန်းချုပ်ရန် ဒေသခံ သိုးအုပ်တစ်အုပ်ကို ခေါ်လာခဲ့ခြင်း ဖြစ်ပါသည်။

သိုးများက အပင်မျိုးစုံကို စားသုံးပေး၍ ပေါင်းပင်များ အရမ်းမပေါက်အောင် ထိန်းပေးပါသည်။ ပိုကောင်းသည်က မြေပြင်မှာ အသိုက်ဖွဲ့တတ်သည့် ငှက်ကလေးများနှင့် နွေရာသီမှာ ပွင့်မည့်ပန်းလေးများကို မထိခိုက်အောင် သိုးတွေကို ဆောင်းရာသီမှာပဲ လွှတ်ကျောင်းခြင်း ဖြစ်ပါသည်။ ထို့အပြင် သိုးများဆီကနေ သဘာဝမြေသြဇာများလည်း ရရှိပါသည်။

တိရစ္ဆာန်များနှင့် ဆိုလာပြားများ အတူထားလျှင် အန္တရာယ်များသည်ဟု ထင်စရာရှိပါသည်။



သို့သော် တကယ်တမ်းမှာ ပိုကောင်းသည့် စွမ်းအင် အခြေခံအဆောက်အအုံများကိုသာ ဖြစ်လာစေရန် တွန်းအားဖြစ်စေခဲ့ပါသည်။

သိုးများကြောင့် ဆိုလာပြား တပ်ဆင်သည့် ပုံစံများပါ ပြောင်းလဲသွားပါသည်။ သိုးများ မထိခိုက်အောင်၊ သိုးများက ဆိုလာပြားများကို မဖျက်ဆီးနိုင်အောင် ဆိုလာပြားများကို မြေပြင်ကနေ ပိုမြင့်မြင့် တပ်ဆင်လိုက်ပါသည်။ တိုင်များကိုလည်း ပိုပြီးခိုင်ခံ့အောင် လုပ်လိုက်ရပါသည်။ ထိုသို့ ပြောင်းလဲလိုက်သည့်အတွက် ဆိုလာပြားများက ရာသီဥတုဒဏ်ကို ပိုခံနိုင်ရည်ရှိသွားပြီး ပြင်ဆင်ထိန်းသိမ်းရသည်လည်း ပိုမိုလွယ်ကူသွားပါသည်။

သိုးများအတွက်လည်း အကျိုးရှိပါသည်။ ဆိုလာပြားများအောက်မှာ နေရသည့်အတွက် လေဒဏ်၊ မိုးဒဏ်ကနေ ကာကွယ်ပေးသလိုဖြစ်ပြီး သိုးများ ပိုမိုကျန်းမာလာသလို ကိုယ်အလေးချိန်လည်း ပိုတက်လာသည်ကို တွေ့ရပါသည်။

စွမ်းအင်စနစ်များကို သဘာဝတရားနှင့် လိုက်လျောညီထွေဖြစ်အောင် တည်ဆောက်သည့်အခါ ပိုပြီး ခိုင်မာတောင့်တင်းလာသည်ကို တွေ့ရပါသည်။ အဆိုပါ သိုးများအတွက် ဘေးကင်းသည့် ဒီဇိုင်းသည် စိုက်ပျိုးရေးနှင့် နေရောင်ခြည်စွမ်းအင် ပေါင်းစပ်သည့် လုပ်ငန်းများအတွက် စံပြတစ်ခု ဖြစ်လာနေပါပြီ။ အဆိုပါ လမ်းစဉ်အတိုင်းသာ ဆက်သွားလျှင် စွမ်းအင်စက်ရုံများ၏ အနားမှာ တိရစ္ဆာန်လေးများ ငြိမ်းချမ်းစွာ ရှင်သန်နိုင်မည့် ရပ်ဝန်းများ ဖန်တီးလာနိုင်တော့မည် ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် မြန်မာနိုင်ငံကဲ့သို့သော စိုက်ပျိုးမွေးမြူရေးနိုင်ငံအနေဖြင့် စွမ်းအင်လိုအပ်ချက်မြင့်မားနေသည့်အလျောက် ဆိုလာဖြင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်လျက်ရှိရာတွင် ဒီဇိုင်းမျိုးအသုံးပြုလာနိုင်ခြင်းဖြင့် အကျိုးများစွာ ဖြစ်ထွန်းလာနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**Ref :** Thuta city page from facebook.



## ခန္တီးမြို့ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူလူထု တွေ့ဆုံ

**ခန္တီး မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့၊ ရန်ကင်းတောင်ပေါ်ရှိ မြို့ညွှန့်ဗိမာန်တော်တွင် မေ ၂ ရက် မွန်းတည့် ၁၂ နာရီက လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူလူထုတွေ့ဆုံပွဲ ကျင်းပခဲ့သည်။

ခန္တီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဂုဏ်ဝမ်းနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်သူတို့က မိတ်ဆက်စကားပြောကြားပြီး လွှတ်တော်တွင် ဆွေးနွေးခဲ့ကြသည်များကို ထပ်ဆင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်ကိုက ဒေသအတွင်း လိုအပ်ချက်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။ တက်ရောက်လာကြသည့် ပြည်သူများက မိမိတို့၏ လိုအပ်ချက်များကို အသီးသီး ဆွေးနွေးတင်ပြခဲ့ကြရာ သက်ဆိုင်ရာကဏ္ဍအလိုက် လွှတ်တော် အသီးသီးတွင် ပြန်လည်တင်ပြဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၃၉၄)**

## ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနား ကျင်းပ

**အောင်လံ မေ ၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် အောင်လံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အောင်လံခရိုင် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ တာဝန်ရှိသူများကို တာဝန်များ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တာဝန်ရှိသူများက သက်ဆိုင်ရာ ဌာနဆိုင်ရာ အသီးသီးသို့ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက် တာဝန်များကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် အောင်လံခရိုင် စီမံကိန်းဦးစီးမှူး ဦးသောင်းထိုက်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ချမှတ်ထားသည့် ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အသေးစိတ် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**အာကာ(ပြန်/ဆက်)**

*-*-*-*-*-*-*



# UE Export Import Company Limited

## (ယူအီးအိပ်(စ်)ပို့(တ်)အင်(မ်)ပို့(တ်)ကုမ္ပဏီလီမိတက်)

## (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)

## အမှတ်(သ-၁၅/၂၄)၁၁၅လမ်းနှင့် ၇၄(A)လမ်းထောင့်

## ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

## အိတ်ဖွင့်လေလံကြော်ငြာအမှတ်(၀၉/၂၀၂၆-၂၀၂၇)(၀၄-၀၅-၂၀၂၆)

## အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချခြင်း

၁။ UE Export Import Company Limited (ယူအီးအိပ်(စ်)ပို့(တ်)အင်(မ်)ပို့(တ်)ကုမ္ပဏီလီမိတက်)(တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)ပိုင်မြေများကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါလေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

(က) အိတ်ဖွင့်လေလံဖြင့် ရောင်းချမည့်အစီအစဉ်

| | |
|---|---|
| အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည့် နေ့ရက် | - (၂၆-၀၅-၂၀၂၆) |
| အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည့် အချိန် | - နံနက် ၉း၀၀နာရီ ။ |
| အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည့်နေရာ | - ကျားခေါင်းဘီလပ်မြေစက်ရုံ တောင်တော်ကွင်း၊ ကျောက်ဆည်မြို့။ |

(ခ) အိတ်ဖွင့်လေလံဖြင့် ရောင်းချမည့်ပစ္စည်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

Auction 09/01

(၁) မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကျွဲနဖားကျေးရွာ၊ ဧရိယာ(၉ ဒသမ ၉၁)ဧကရှိ နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်
လေလံကြမ်းခင်းဈေး ငွေကျပ်(၁၈,၀၀၀,၀၀၀,၀၀၀/-)(ကျပ်သိန်းပေါင်း တစ်သိန်းရှစ်သောင်းတိတိ)
မှတ်ချက်။ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ မီးရှင်ထံတွင် ရှိပါသည်။

Auction 09/02

(၁) ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊ သရက်ကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၅/သရက်ကုန်းတောင်)၊ ဦးပိုင်အမှတ်(၁၀)၊ ဧရိယာဧက(၅ ဒသမ ၃၅)ဧက၊ မြေအမျိုးအစား(Y-ယာ)ပုံစံ(၇)၊ ဦးပိုင်အမှတ်(၁၁)၊ ဧရိယာဧက(၂ ဒသမ ၆၈)ဧက၊ မြေအမျိုးအစား(Y-ယာ)ပုံစံ(၇)၊ ဦးပိုင်အမှတ်(၇)၊ ဧရိယာဧက(၂၈ ဒသမ ၁၆)ဧက၊ မြေအမျိုးအစား(Y-ယာ)ပုံစံ(၇)စုစုပေါင်းဧရိယာဧက(၃၆ ဒသမ ၁၉)ဧကရှိယာမြေများနှင့် ယင်းယာမြေများပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်၊
လေလံကြမ်းခင်းဈေးငွေကျပ်(၁,၂၀၀,၀၀၀,၀၀၀/-)(ကျပ်သိန်းပေါင်းတစ်သောင်းနှစ်ထောင်တိတိ)

Auction 09/03

(၁) ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲခရိုင်၊ သီပေါမြို့နယ်၊ ကျင်သီကျေးရွာ၊ ကွင်းအမှတ်(၁၁၃)၊ ဖုံဖန်ကွင်း၊ ဧရိယာအလျား ကားလမ်း ၁၈၀ ပေ၊ ဦးစိုင်းညို ၁၉၁ ပေ၊ ကျင်သီချောင်း ၂၂၄ ပေ၊ ဦးကျော်မင်းအောင်ချမ်း ၁၃၂ ပေရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်၊
လေလံကြမ်းချင်းဈေးငွေကျပ် (၁၂၀,၀၀၀,၀၀၀/-)(ကျပ်သိန်းပေါင်း တစ်ထောင်နှစ်ရာတိတိ)

### လေလံတင်ရောင်းချမည့် စည်းကမ်းချက်များ

၂။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ UE Export Import Company Limited(တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)က စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ တင်ပြချက်အရ သိရှိရသမျှ ဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း၊ တစ်ခုခုပေါ်ပေါက်လာပါက အိတ်ဖွင့်လေလံကျင်းပရေးကော်မတီက တာဝန်ယူမည်မဟုတ်ပါ။ UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည်ဖြစ်ကြောင်း လေလံဆွဲဝယ်ယူမည့်သူတို့အား အထူးသတိပြုရန် နိုးဆော်လိုက်သည်။

၃။ အိတ်ဖွင့်လေလံတင်သွင်းခွင့်လျှောက်လွှာနှင့် စည်းကမ်းချက်တစ်စုံလျှင် ကျပ်(၁၀၀,၀၀၀/-)နှုန်းငွေသားဖြင့် သတင်းစာ၌ ပါလာသည့်ရက်မှစ၍ (၂၂-၀၅-၂၀၂၆)ရက်အတွင်း UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)အမှတ်(သ-၁၅/၂၄)၁၁၅လမ်းနှင့်၇၄(အေ)လမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့တွင် ဝယ်ယူနိုင်ပါသည်။

၄။ လေလံတင်ရောင်းချမည့်ပစ္စည်းများအတွက် အိတ်ဖွင့်လေလံတင်သွင်းလိုသူသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံတွင် ဖြည့်စွက်၍ Auction 09/01 နှင့် Auction 09/02 အတွက် သမာဓိအာမခံကြေးငွေ (Earnest Money) (ကျပ် ၂၀၀,၀၀၀,၀၀၀/-)(ကျပ်သိန်းနှစ်ထောင်)၊ Auction 09/03 အတွက် သမာဓိအာမခံကြေးငွေ (Earnest Money) (ကျပ် ၅၀,၀၀၀,၀၀၀/-)(ကျပ်သိန်းငါးရာ)တိတိအား အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)ထံသို့ (၀၅-၀၅-၂၀၂၆)ရက်မှ (၂၂-၀၅-၂၀၂၆)ရက်အတွင်း နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဒေါ်ချိုချိုမြင့်၏ KBZ Bank (Mandalay )(PGT) ရှိ ငွေစာရင်းအမှတ် (04351106000055901) သို့လည်းကောင်း၊ KBZ Bank (Yangon )(PSD) ရှိ ငွေစာရင်းအမှတ် (17351106000055901) သို့လည်းကောင်း၊ AYA (Bank)(0025- Mandalay-003)(Kywae Sae Kan) ရှိ ငွေစာရင်းအမှတ် (40037258120) သို့လည်းကောင်း၊ UAE Bank (Mandalay) Pyigyitagon (Industry Zone) ရှိ ငွေစာရင်းအမှတ် (065070 100004076) သို့လည်းကောင်း၊ ပေးသွင်းနိုင်ပါသည်။

၅။ အိတ်ဖွင့်လေလံဖွင့်မည့်(၂၆-၀၅-၂၀၂၆)ရက်တွင် သမာဓိအာမခံကြေးငွေ ပေးသွင်းသူကိုယ်တိုင် တက်ရောက်၍သော်လည်းကောင်း၊ သို့မဟုတ် တရားဝင်ကိုယ်စားလှဲစာဖြင့်သော်လည်းကောင်း တက်ရောက်နိုင်သည်။

၆။ အိတ်ဖွင့်လေလံပစ်မည့်မြေများ၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းများ၊ စာရင်းအချက်အလက်များအား (၀၅-၀၅-၂၀၂၆)ရက်မှ (၂၂-၀၅-၂၀၂၆)ရက်အထိ ရုံးချိန်အတွင်းအမှတ်(သ-၁၅/၂၄) ၁၁၅လမ်းနှင့် ၇၄(A)လမ်းထောင့် ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် ကြည့်ရှုနိုင်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက လူကိုယ်တိုင်သော်လည်းကောင်း၊ အောက်ပါ တယ်လီဖုန်းနံပါတ်များသို့ စုံစမ်းနိုင်ပါသည်။

ဖုန်း 09-758211117 09-758211118 09-758211119

**ဒေါ်ချိုချိုမြင့်**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**

**ဥက္ကဋ္ဌ**
**အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ**
**UE Export Import Company Limited**
**တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၁၂)၊ ဦးပိုင်အမှတ်(၂)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧကရှိ ဦးစိန်ထွန်းအမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိတို့က ဝယ်ယူပိုင်ဆိုင်ခဲ့၍ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နွယ်နွယ်ထွန်း(ခ)ဒေါ်နွယ်နွယ်အေး(ဘ)ဦးကျန်ရန်(ခ)ဦးထွန်းမောင်(ခ)ဦးကြာခွေ(၉/မနမ(နိုင်)၀၆၁၁၈၄)၏ ကိုယ်စား ဦးဇော်ထွန်း(ဘ)ဦးဉာဏ်သိန်း(၅/စကန(နိုင်)၁၉၄၃၀၈)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်အေးအေးခိုင်**

**တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ဆ–၇/၈၅–က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား(၁၀၉လမ်းမှဝင်ရမည်)၊ မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၁၀၇၆၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ မီးသွေးဘုတ်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၄၅-စီ)၊ ဦးပိုင်အမှတ်(၁၈/၂)၊ ဧရိယာ(၄ ဒသမ ၉၁)+(မြေပို ၀ ဒသမ ၁၂)ဧက၊ စုစုပေါင်းဧရိယာ(၅ ဒသမ ၀၃) ဧကရှိ ဦးမြင့်သိန်းအမည်ဖြင့် လုပ်ကိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ချထားရရှိသော ယာမြေကွက်နှင့် ယင်းမြေကွက်၏ လုပ်ပိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိက စဉ့်ကိုင်မြို့နယ်စာချုပ်စာတမ်းရုံး၏ (၁၅-၁၂-၂၀၂၂)ရက်စွဲပါ မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲအပ်စာအမှတ်(၃၈၀/၂၀၂၂)အရ လက်ခံရယူခဲ့ပြီး ဝယ်ယူပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးထွန်းဝင်းနိုင်(ဘ)ဦးကြည်မောင်(၉/စကတ(နိုင်)၀၇၂၇၈၁) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်အေးအေးခိုင်**

**တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ဆ–၇/၈၅–က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား(၁၀၉လမ်းမှဝင်ရမည်)၊ မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၁၀၇၆၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အရှေ့ကန်ကောက်ရပ်နေ ဒေါ်သွယ်သွယ်ငြိမ်း(ဘ)ဦးဟန်သော် (၈/ရစက(နိုင်)၁၈၅၂၅၇)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မဲကင်းကုန်းအုပ်စု၊ တဲကုန်းကွက်သစ်၊ ကွင်းအမှတ်(၄၉၆)အတွင်းမှ ဧရိယာ(၁၅×၃၃)ပေ အကျယ်အဝန်းရှိမြေကွက်၊ နန်းဦးလွင်ကျေးရွာအုပ်စု၊ ဘူးကုန်းကွက်သစ်၊ ကွင်းအမှတ်(၄၉၄) အတွင်းမှ ဧရိယာ(၃၀×၄၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ကုန်းတန်းရပ်ကွက်၊ ကွင်းအမှတ်(၄၉၄)၊ ဦးပိုင်အမှတ် (၇၀/၂)၊ ဧရိယာ(၁၀ ဒသမ ၆)ဧကအတွင်းမှ အကွက်အမှတ်(၇)၏ တောင်ဘက်ခြမ်း(၂) ဧရိယာ(၃၀×၃၀)ပေ အကျယ်အဝန်းရှိ မြေကွက်များမှာ ဒေါ်သွယ်သွယ်ငြိမ်းနှင့် ၎င်း၏ခင်ပွန်းဖြစ်သူ ဦးဝင်းမင်းဆင့်(ဘ)ဦးကောင်းဆင့် (၈/ရစက(နိုင်)၁၉၂၁၆၁)တို့(၂)ဦး၏ လက်ထပ်ပွားပစ္စည်းအဖြစ် ဝယ်ယူထားပြီး လက်ရှိလက်ရောက် ပိုင်ဆိုင် အသုံးပြုလျက်ရှိသော မြေကွက်များဖြစ်ပါသည်။

အဆိုပါမြေကွက်များအား ကျွန်ုပ်၏အမှုသည် ဒေါ်သွယ်သွယ်ငြိမ်း သဘောတူခွင့်ပြုချက်မရရှိဘဲ ကျူးကျော်ခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ စွန့်လွှတ်ခြင်း၊ အခြားနည်းတစ်နည်းနည်းဖြင့် သက်ဆိုင်ရာဌာနအသီးသီးတွင် လျှောက်ထားခြင်းများ မပြုလုပ်ပါရန်နှင့် ပြုလုပ်ဆောင်ရွက်လာပါက ပြုလုပ်ဆောင်ရွက်သူ၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ– | လွှဲအပ်ညွှန်ကြားချက်အရ– |
|---|---|
| **ဒေါ်သွယ်သွယ်ငြိမ်း(ဘ)ဦးဟန်သော်** | **ဒေါ်ကြည်သာခိုင်** |
| **(၈/ရစက(နိုင်)၁၈၅၂၅၇)** | **(တရားလွှတ်တော်ရှေ့နေ)** |
| | **ပုဂံလမ်း၊ ရန်ကင်းသာရပ်ကွက်၊ ပုသိမ်ကြီးမြို့။** |
| | **ဖုန်း ၀၉-၂၀၆၁၆၃၀** |

## မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၄၉၇/ပုသိမ်ကြီး)၊ ဦးပိုင်အမှတ်(စ/၇၄၄)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧက အကျယ်အဝန်းရှိသော ဒုအရာခံဗိုလ် ရဲတင့်အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်းဧရိယာ(၃၀× ၄၀)ပေ အကျယ်အဝန်းရှိသော ဂရန်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်မြတ်သီရိ(ဘ)ဦးမောင်ရီ (၉/မမန(နိုင်)၀၀၄၉၅၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

**ဒေါ်ခင်နီနီစိုး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ–၇၉၃၃)**

**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း 02-4068839၊ 09-2006029၊ 09-792006029၊ 09-692006029**

**ladylawyer.khinninisoe@gmail.com**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၁၁-၄၅)၊ ဦးပိုင်နံပါတ်(၅၂)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၆၂)ဧက၊ (၆၀×၄၅)ပေ အကျယ်အဝန်းရှိ ဦးမြင့်ဆွေအမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏တောင်ဘက်အစွန်ဆုံးအခြမ်း(၁၅×၄၅)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်းဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးရဲဝဏ္ဏ(ဘ)ဦးခင်မောင်တိုး(၉/ခအစ(နိုင်)၀၀၂၉၄၂(၎င်း၏ကိုယ်စား ဦးဇော်ခင်(ဘ)ဦးမွေးရှိန်(၉/ခမစ(နိုင်)၀၁၂၂၅၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | |
|---|---|
| **ဒေါ်အေးစုထွန်း (LL.B, LL.M, DBL)** | **ဒေါ်မာမာဆွေး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(B)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(က-၅)၊ ဦးပိုင်နံပါတ်(၁၉-က)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၃၀၃)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပူးတွဲအမည်ပေါက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးကျော်ဆွေ(ဘ)ဦးအောင်ငြိမ်း(၉/မရမ(နိုင်)၀၆၁၅၀၉)နှင့် ဒေါ်ရီရီဦး(ဘ)ဦးမြင့်အောင်(၉/မရတ(နိုင်)၀၁၇၄၂၄)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

| | | | |
|---|---|---|---|
| | **ဦးတင်အောင်မိုး(LL.B,LL.M)** | **ဒေါ်အိအိမွန်(LL.B,LL.M)** | |
| | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | |
| **ဒေါ်ယုသစင်အောင်(LL.M)** | **ဒေါ်အေးနန္ဒာထွန်း(LL.B)** | **ဒေါ်မာလာစိုး(LL.B)** | **ဒေါ်ဖူးသန့်မွန်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်အမှတ်(၄၁၅/N)၊ ဦးပိုင်အမှတ်(၉၃+၉၄) အတွင်းမှ (၁၅×၄၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက် နေထိုင်ပိုင်ဆိုင် အသုံးချခွင့်အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရောက်ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်တင်တင်ဝင်း(ဘ)ဦးစံဟိန်း(၉/မနမ(နိုင်)၀၈၂၃၃၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးစရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ချက်အရ–**

**ဦးနေလင်းထွန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**၅၉လမ်း၊ ၂၈လမ်းနှင့် လမ်း၃၀ကြား၊ ကန်ကောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၃၁၄၁၃၄၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၈၄)၊ ဦးပိုင်နံပါတ်(၄၇)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးပိုင်အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအားချုန်(ဘ)ဦးပေါက်ဆင်(၁၃/မဆတ(နိုင်)၀၄၀၈၉၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

| | | | |
|---|---|---|---|
| | **ဦးတင်အောင်မိုး(LL.B,LL.M)** | **ဒေါ်အိအိမွန်(LL.B,LL.M)** | |
| | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | |
| **ဒေါ်ယုသစင်အောင်(LL.M)** | **ဦးဖြိုးသာခန့်(LL.B)** | **ဦးစည်သူအောင်(LL.B)** | **ဒေါ်သဲမို့မို့ထွန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

### ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မေ ၃

| | | | | |
|---|---|---|---|---|
| ကျောက်ရိတ် | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| တောင်တွင်းကြီး | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပဲခူး | ၃၉ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြဝတီ | ၃၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် (၂၉) ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးတက်ရောက်




နေပြည်တော် မေ ၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဥဇဘက်ကစ္စတန်နိုင်ငံ Samarkand မြို့တွင် ယနေ့နံနက်ပိုင်းက ကျင်းပသည့် (၂၉) ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးသို့ Virtual စနစ်ဖြင့် တက်ရောက်သည်။

နံနက်ပိုင်းတွင် ကျင်းပသည့် ဘဏ္ဍာရေးဆိုင်ရာ အမြင်ချင်းဖလှယ်မှု (Fiscal Exchange) အစီအစဉ်၌ အာဆီယံ+၃ မေခရိုစီးပွားရေး သုတေသနရုံး (ASEAN+3 Macroeconomic Research Office – AMRO) မှ ကိုယ်စားလှယ်က ရသုံးမှန်းခြေဆိုင်ရာ စီမံခန့်ခွဲမှုနှင့် လူဦးရေပြောင်းလဲမှုများနှင့်စပ်လျဉ်း၍ အခွန်ရငွေစီမံခန့်ခွဲမှုဆိုင်ရာ အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး အာဆီယံ+၃ နိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများက အကြံပြုဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ရသုံးမှန်းခြေငွေစာရင်းရေးဆွဲခြင်းကို နှစ်လတ်ဘဏ္ဍာရေးမူဘောင် (Medium Term Fiscal Framework – MTFF) ကို အခြေခံ၍ ရေးဆွဲထားပြီး ပြည်သူ့ရေးရာမူဝါဒများနှင့် သင့်လျော်သော စီမံကိန်းများကို ညှိနှိုင်းရေးဆွဲထားခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုနှင့်တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအကြားရှိ ဘဏ္ဍာရေးချိတ်ဆက်မှုနှင့် ဘတ်ဂျက်ခွဲဝေမှုများကိုလည်း MTFF မှတစ်ဆင့် မူဝါဒအခြေခံသည့်ဘတ်ဂျက်နှင့် စည်းမျဉ်းအပေါ်အခြေခံသည့်ဘတ်ဂျက်တို့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဘဏ္ဍာရေးဆောင်ရွက်ချက်များကို ဆွေးနွေးပြောကြားသည်။ လူဦးရေပြောင်းလဲမှုများနှင့် အခွန်ရငွေစီမံခန့်ခွဲမှုတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် အသက် ၁၅ နှစ်မှ ၆၄ နှစ်အတွင်းရှိ လူဦးရေမှာ ၆၆ ဒသမ ၉ ရာခိုင်နှုန်းရှိနေသည့်အတွက် အခွန်ရငွေတိုးတက်ရရှိရေးအခွင့်အလမ်းဖြစ်ပြီး ထိုအခွင့်အရေးကို အောင်မြင်စွာ အသုံးချနိုင်ရန် နိုင်ငံတော်၏ အခွန်တိုးတက်ကောက်ခံရရှိရေးအတွက် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ လတ်တလောတွင် အခွန်နှုန်းထားများကို တိုးမြှင့်ခြင်းမပြုဘဲ အခွန်အခြေချဲ့ထွင်နိုင်ရေးကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

မွန်းလွဲပိုင်းတွင် ကျင်းပသည့် (၂၉) ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေး၌ စီးပွားရေးသုံးသပ်မှုနှင့် မူဝါဒဆိုင်ရာတို့နှင့်စပ်လျဉ်း၍ အာရှဖွံ့ဖြိုးရေးဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် အာဆီယံ+၃ မေခရိုစီးပွားရေး သုတေသနရုံးတို့မှ ကိုယ်စားလှယ်များက ကမ္ဘာနှင့် ဒေသဆိုင်ရာ စီးပွားရေးသုံးသပ်မှုများကို ရှင်းလင်းတင်ပြကြရာ အာဆီယံ+၃ နိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက အကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ အာဆီယံ+၃ ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းရေးအစီအစဉ်ကို ကျင်းပရာ အာဆီယံ+၃ မဟာဗျူဟာလမ်းညွှန်နှင့် ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များ၊ ချင်းမိုင်အစီအစဉ်တွင် နိုင်ငံစုံပါဝင်လာရေးအစီအစဉ် အပါအဝင် ဒေသတွင်း ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာလာစေရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ အာဆီယံ+၃ မေခရိုစီးပွားရေး သုတေသနရုံးမှ ဆောင်ရွက်နေမှုအခြေအနေများ၊ အာရှငွေချေးစာချုပ်ဈေးကွက်အစီအစဉ် အကောင်အထည်ဖော်မှုအခြေအနေများ၊ သဘာဝဘေးအန္တရာယ်များကြောင့် ဆုံးရှုံးနိုင်ခြေရှိမှုများနှင့်စပ်လျဉ်း၍ ဘဏ္ဍာငွေဖြည့်ဆည်းပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အရှေ့တောင်အာရှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အာမခံပံ့ပိုးပေးမှုအစီအစဉ်များကို အာရှဖွံ့ဖြိုးရေးဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် အာဆီယံ+၃ မေခရိုစီးပွားရေး သုတေသနရုံးတို့မှ ကိုယ်စားလှယ်များက ရှင်းလင်းတင်ပြကြရာ အာဆီယံ+၃ နိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက အကြံပြုဆွေးနွေးကြသည်။

ထို့နောက် (၂၉) ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေး ပူးတွဲကြေညာချက်ကို အပြီးသတ်ဆွေးနွေးအတည်ပြုကြပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းသည်။

(၂၉) ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေးကို ဥဇဘက်ကစ္စတန်နိုင်ငံ Samarkand မြို့တွင် မေ ၃ ရက်မှ ၆ ရက်အထိ ကျင်းပလျက်ရှိသည့် (၅၉) ကြိမ်မြောက် အာရှဖွံ့ဖြိုးရေးဘဏ်နှစ်ပတ်လည် အစည်းအဝေးကာလအတွင်း ကျင်းပခြင်းဖြစ်ပြီး အစည်းအဝေးသို့ အပေါင်း ၃ နိုင်ငံများဖြစ်ကြသည့် ကိုရီးယားသမ္မတနိုင်ငံမှ ဒုတိယဝန်ကြီးချုပ် Mr. Yuncheol Koo၊ ဂျပန်နိုင်ငံမှ ဘဏ္ဍာရေးဝန်ကြီး Ms. Satsuki Katayama နှင့် တရုတ်နိုင်ငံမှ လက်ထောက်ဘဏ္ဍာရေးဝန်ကြီး Ms. Junhong Chang၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr. Masato Kanda၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) မှ Deputy Managing Director Mr. Kenji Okamura နှင့် အာဆီယံ+၃ မေခရိုစီးပွားရေးသုတေသနရုံးမှ Director/ CEO Mr. Yasuto Watanabe တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF) နွေရာသီအခြေခံဘောလုံးသင်တန်း(ဒုတိယအသုတ်)တွင် Tottenham Hotspur အသင်းမှ နည်းပြများ လာရောက်သင်ကြားပေး

ရန်ကုန် မေ ၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) မှ ဖွင့်လှစ်သည့် အခမဲ့ နွေရာသီအခြေခံဘောလုံးသင်တန်း(ဒုတိယအသုတ်)မှ ကလေးသူငယ်များကို ပရီးမီးယားလိဂ်ကလပ် Tottenham Hotspur အသင်းမှ နည်းပြများက ယနေ့တွင် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် လာရောက်လေ့ကျင့်သင်ကြားပေးခဲ့သည်။

အဆိုပါ "AYA GAME PLAN : AIA SCORE WITH SPURS"အစီအစဉ်ကို ယနေ့တွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အကယ်ဒမီ(MFF Academy Artificial Ground) ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

အခမ်းအနားတွင် AIA Myanmar မှ Chief Partnership Distribution Officer ဒေါ်မေမြတ်သူက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးစည်သူဝင်းက အဖွင့်အမှာစကား ဆက်လက်ပြောကြားခဲ့သည်။

ထို့နောက် AYA Bank မှ Chief Business Officer ဦးနေလင်းထွဋ်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အခမ်းအနားအစီအစဉ်အရ တက်ရောက်လာကြသည့် တာဝန်ရှိသူများ၊ နည်းပြများနှင့် ကလေးငယ်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြပြီး၊ AYA Bank မှ Tottenham Hotspur အသင်းနည်းပြများဖြစ်ကြသည့် Mr. Kevin Moffatt နှင့် Mr. Tyler Blackwood တို့အား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။



ဆက်လက်၍ Tottenham Hotspur နည်းပြနှစ်ဦးက နွေရာသီဘောလုံးသင်တန်း ဒုတိယအသုတ်မှ ကလေးငယ်များအား အခြေခံဘောလုံးနည်းစနစ်များကို လက်တွေ့သင်ကြားပြသပေးခဲ့သည်။

(NGB)